# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ၊ နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇) ၊ အမှတ်(၂၅၃) ၊ ၁၃၈၆ ခုနှစ် ၊ ဝါခေါင်လဆန်း ၁၀ ရက် ၊ ၁၄–၈–၂၀၂၄ ၊ ဗုဒ္ဓဟူးနေ့ ။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရားများ

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှု လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(C) ၌ ကျင်းပသည့် လူငယ်ဖိုရမ်တွင် ကဏ္ဍအလိုက် ဆွေးနွေးမှုများ ပြုလုပ်

**နေပြည်တော် ဩဂုတ် ၁၃**

ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(C) ၌ ကျင်းပသည့် လူငယ်ဖိုရမ်တွင် ကဏ္ဍအလိုက် ဆွေးနွေးမှုများ ပြုလုပ်ကြသည်။

ဦးစွာ Digital Transformation and innovation ဗီဒီယိုကို ပြသပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန မော်တော်ယာဉ် နည်းပညာ သုတေသနဌာနမှ သုတေသနအရာရှိ ဒေါက်တာ စိုးထက်ဝေ၊ ATOM Myanmar မှ Senior Vice Present ကိုလွင်ထူးကို၊ သတင်းအချက်အလက် နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေး ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်သဥ္ဇာမေဖူးဝေနှင့် နိုင်ငံတကာ ခေါင်းဆောင်မှု တက္ကသိုလ်မှ IT Specialist ကိုဥက္ကာမောင်တို့က "ဒစ်ဂျစ်တယ်အသွင် ကူးပြောင်းခြင်းနှင့် ပြောင်းလဲဆန်းစစ်ခြင်းကဏ္ဍ" ခေါင်းစဉ်ဖြင့် မျက်မှောက်ခေတ်တွင် ဒစ်ဂျစ်တယ်

**စာမျက်နှာ ၅ သို့** ✻




လူငယ်ဖိုရမ်တွင် "စီးပွားရေး တိုးတက်မှုနှင့် အလုပ်အကိုင် အခွင့်အလမ်းကဏ္ဍ" ခေါင်းစဉ်ဖြင့် ဆွေးနွေးကြစဉ်။

## ၂၀၂၄ ခုနှစ် (၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ် ပုလဲရောင်းချပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၃**

၂၀၂၄ ခုနှစ် (၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များက မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ရောင်းချရန် ခင်းကျင်းပြသထားသည့် ပုလဲအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ထို့နောက် တင်ဒါအမှတ်(၁)ဖြစ်သည့် ပုလဲအတွဲအမှတ်(၁)မှ အတွဲအမှတ်(၁၁၅)အထိနှင့် တင်ဒါအမှတ်(၂)ဖြစ်သည့် ပုလဲအတွဲအမှတ်(၁၁၆)မှ ပုလဲအတွဲအမှတ်(၂၃၀)အထိကို ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြကာ ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

စာမျက်နှာ ၃ သို့ ✰

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၁၃**

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/စလ

## ယနေ့ ဖတ်စရာ အညွှန်း


အီမာဆန်ရှိုင်ရယ်လ်အား ၄ နှစ်စာချုပ်ဖြင့် အေစီမီလန်အသင်း ခေါ်ယူ

စာမျက်နှာ ၁၁

မိုးဖွဲဖွဲနဲ့ မန္တလေးက အိုးပုတ်ပွဲ (ဆောင်းပါး)

စာမျက်နှာ ၁၇

၂၀၂၄ ခုနှစ်၊ ဩဂုတ် ၁၄ ရက် ၊ ဗုဒ္ဓဟူးနေ့ ။

မန္တလေး နေ့စဉ်

## ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိ

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အနေဖြင့် အိုးမကွာ၊ အိမ်မကွာဖြင့် မိသားစုဝင်ငွေတိုးပွားရေး ဆောင်ရွက်လိုသော အမျိုးသမီးများ။ ပညာရေးဆုံးခန်းတိုင်အောင် သင်ကြားနိုင်မှုမရှိခဲ့သည့် လူငယ်လူရွယ်များကို အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြား တတ်မြောက်စေပြီး ကိုယ်ပိုင်လုပ်ငန်းများနှင့် ပုဂ္ဂလိက လုပ်ငန်းများတွင် အမှန်တကယ်ဝင်ရောက် လုပ်ကိုင်နိုင်ကာ ဝင်ငွေများရရှိစေရန်ရည်ရွယ်၍ အခြေခံစက်ချုပ်သင်တန်းများ အပါအဝင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိပါကြောင်း။ သင်တန်းပြီးဆုံးပါက အမှန်တကယ် လုပ်ငန်းလုပ်ကိုင်လိုသူများကို လုပ်ငန်းသုံး ပစ္စည်းများ မတည်ရင်းနှီးပေးမည်ဖြစ်ကြောင်း၊ သင်တန်းသားများမှလည်း အမှန်တကယ် လုပ်ကိုင်ကြရန် လိုအပ်ကြောင်း၊ အမှန်တကယ် လုပ်ငန်းလုပ်ကိုင်မှုရှိ၊ မရှိကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူများက စဉ်ဆက်မပြတ် ကြီးကြပ်ကွပ်ကဲ စစ်ဆေးရန် လိုအပ်ကြောင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ဩဂုတ် ၁၃ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ကျေးရွာများ၏ ရွာတွင်းလမ်းများ ပြုပြင်ဖောက်လုပ်ပေးမှု အခြေအနေများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် ပြောကြားခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသား အကျိုးစီးပွားကို ရှေးရှုပြီး အမျိုးသားရေး ရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးနှင့် အကျုံးဝင်သော ဘက်စုံ၊ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ မိမိတို့ သမဝါယမနှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့်လည်း ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် မိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများအား အဓိကရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ကျေးလက်နေပြည်သူများ၏ တစ်မိသားစုချင်း ဝင်ငွေတိုးပွားစေရေး စိုက်ပျိုးရေးမွေးမြူရေးနှင့် တစ်ပိုင်တစ်နိုင်ကုန်ထုတ်လုပ်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်စေရေး နိုင်ငံတော်အစိုးရ၏ စီမံလမ်းညွှန်မှုဖြင့် မိမိတို့ဝန်ကြီးဌာနမှ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးရွာကုန်ထုတ်လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားခဲ့သည်။

သို့ဖြစ်ရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အနေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားတစ်ပိုင်တစ်နိုင်ကုန်ထုတ်လုပ်ငန်းများနှင့် မွေးမြူရေးလုပ် ငန်းများအတွက် သမဝါယမအသင်း ရန်ပုံငွေများ။ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများဖြင့် လိုအပ်သည့် မတည်ရင်းနှီးငွေများ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ရှေးဟောင်းပစ္စည်းများ တွေ့ရှိပါက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ အပ်နှံနိုင်



**မန္တလေး ဩဂုတ် ၁၃**

သမိုင်းတန်ဖိုးကြီးမား သော ရှေးဟောင်းဝတ္ထုပစ္စည်းများ တွေ့ရှိပါက ပြင်ပသို့ ရောင်းချခြင်း မပြုဘဲ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ အပ်နှံပါက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုငွေများ ပိုမိုရရှိမည်ဖြစ်ကြောင်း ယင်းဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)မှ သိရသည်။

မိမိတို့ ပတ်ဝန်းကျင်တွင် ရှေးဟောင်းနှင့်ဆိုင်သော ယဉ်ကျေးမှုအမွေအနှစ်များ၊ ရွှေထည်နှင့် အခြားရှေးဟောင်းဝတ္ထုပစ္စည်းများကို နိုင်ငံတော်ပိုင်ပစ္စည်းအဖြစ် တာဝန်သိစိတ်ရှိစွာ အပ်နှံသင့်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်တင်ချမ်းမြင့်က ပြောသည်။

"ရှေးဟောင်းပစ္စည်းတွေကို တာဝန်သိစိတ်နဲ့အပ်နှံသင့်ပါတယ်။ မန္တလေးတိုင်းဒေသကြီးအတွင်းမှာ ခေတ်အဆက်ဆက်ယဉ်ကျေးမှု အမွေအနှစ် ပေါ်များပါတယ်။ ဒါတွေကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ဖို့လို ပါတယ်။ အဲဒီလို အပ်နှံမယ်ဆိုရင် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုငွေကို တွက်ချက်ပြီးချီးမြှင့်ငွေ ပေးအပ်ပါတယ်။ ထပ်ဆောင်း တန်ဖိုးငွေ တွက်ချက်ရာမှာသတ်မှတ်ချက်တွေရှိပါတယ်"ဟု ၎င်းက ပြောသည်။

ဂုဏ်ပြုတန်ဖိုးငွေ တွက်ချက်ရာ၌ ရှေးဟောင်းပစ္စည်း၏ နောက်ခံသမိုင်းကြောင်းအခြေအနေ၊ ပြုလုပ်သည့် ပစ္စည်းအမျိုးအစား၊ အနုလက်ရာမြောက်မှု အဆင့်အတန်း၊ သက်တမ်းနှင့် ကာလအပေါ်တွင်မူတည်၍ စစ်ဆေးရေးအဖွဲ့က သတ်မှတ်ကြောင်း၊ ထို့အပြင် ကျောက်ခေတ်မှစ၍ ကိုလိုနီခေတ်ထိ ခေတ်ခွဲခြား၍ ခေတ်ကာလကြေးကို ၅၀ ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်းအထိ၊ လက်ရာ ကြေးကို ၃၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအထိ ဂုဏ်ပြုငွေအပေါ် ထပ်ဆောင်းချီးမြှင့်ငွေ ပေးကြောင်း သိရသည်။

ပြီးခဲ့သည့် ဩဂုတ် ၁၂ ရက်က သပိတ်ကျင်းမြို့နယ်၊ မြင်သာကျေးရွာမှ ဦးဗိုလ်နိုင်ဝင်းက ၎င်းတွေ့ရှိသော ရှေးဟောင်းပစ္စည်း ၂၈ ခုကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)သို့ လာရောက်အပ်နှံခဲ့ရာ သုံးကြိမ်မြောက်ရှိပြီဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၁၀)

## World Tourism Day ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်

ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ (World Tourism Day)ရောင်စုံဓာတ်ပုံပြိုင်ပွဲကို အသက်အရွယ်မရွေး ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက အသိပေး ဖိတ်ခေါ်ထားသည်။

ပြိုင်ပွဲတွင် မြန်မာနိုင်ငံ၏ ရှုခင်းများ၊ ယဉ်ကျေးမှု၊ ဝတ်စားဆင်ယင်မှုနှင့် တိုင်းရင်းသားမျိုးနွယ်စုတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာပုံရိပ်များနှင့် မြန်မာ့ခရီးသွားခရီးစဉ်များအား ရိုက်ကူး၍ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲမှ ရွေးချယ်ခံဓာတ်ပုံများကို ၂၀၂၄ စက်တင်ဘာလအတွင်း နေပြည်တော်၌ ကျင်းပပြုလုပ်မည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အခမ်းအနား၌ ခင်းကျင်းပြသမည်ဖြစ်ပြီး ဆုရရှိသည့် ဓာတ်ပုံပညာရှင်များကိုလည်း ဆုချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်မည့် တစ်ဦးချင်းစီတိုင်းအနေဖြင့် ဓာတ်ပုံ(၁၀) ပုံအထိပေးပို့နိုင်ကာ ယခု ဩဂုတ်လ ၂၃ ရက် နောက်ဆုံးထားပြီး အမှတ်(၅၈၊ ၆၀)၊ ကမ်းနားလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်ရှိ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာနသို့ ပေးပို့သွားရမည်ဖြစ်သိရသည်။

အဆိုပါ ရောင်စုံဓာတ်ပုံပြိုင်ပွဲ၌ ပထမဆု ငွေကျပ်(၉)သိန်း၊ ဒုတိယဆု ငွေကျပ်(၇)သိန်း၊ တတိယဆု ငွေကျပ်(၅)သိန်းနှင့် နှစ်သိမ့်ဆု (၂၀)ဆုအတွက် တစ်ဆုလျှင် ငွေကျပ်တစ်သိန်းခွဲ ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ ရှုခင်း၊ ယဉ်ကျေးမှု၊ ဝတ်စားဆင်ယင်မှု၊ တိုင်းရင်းသားမျိုးနွယ်စုများ၏ ဓလေ့ထုံးတမ်းအစဉ်အလာစသည့် ပုံရိပ်များဖြင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖော်ထုတ် မြှင့်တင်နိုင်ရန် ရည်ရွယ်၍ စီစဉ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@ gmail. com** မှတစ်ဆင့်အချိန်မီ ပေးပို့နိုင်ကြောင်းသိရသည်။ (မန္တလေးနေ့စဉ်)




## စိမ်းလန်းစိုပြည်လှပရေး လမ်းဘေးဝဲ၊ ယာ တစ်လျှောက် အရိပ်ရအပင်များ စိုက်ပျိုး

**ရေနံချောင်း ဩဂုတ် ၁၃**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် ၂၀၂၄-၂၀၂၅ခု ဘဏ္ဍာနှစ်တွင် ရန်ကုန်၊ ရေနံချောင်းမန္တလေးအဝေးပြေးကားလမ်းဘေးဝဲ၊ ယာတစ်လျှောက် အရိပ်ရအမြဲစိမ်းတမာပင်နှင့် ယူကလစ်ပင်များကို စိုက်ပျိုးထားရှိရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ရေနံချောင်းမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ်တွင် ရန်ကုန်၊ ရေနံချောင်း၊ မန္တလေးကားလမ်းဘေးဝဲ၊ ယာ တစ်လျှောက်အရိပ်ရ အမြဲစိမ်းတမာပင် ၂၃၅၀ ပင်၊ ယူကလစ် ၁၂၀၀ ပင်များ စိုက်ပျိုးထားရှိပြီးခြံစည်းရိုး ကာရံခြင်း၊ ဆေးသုတ်ခြင်းဆောင်ရွက်ထားရှိပြီး စိုက်ပျိုးထားသော သစ်ပင်များကို မိုးပြတ်(မိုးရွာသွန်းမှုအဆက်ပြတ်လျှင်)ဖိုက်ဘာရေလှောင်ကန်(၈)ကန်မှ ရေဖြင့်ရေပေးသွင်းမည်ဖြစ်ကြောင်း ရေနံချောင်းမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံက သိရသည်။

(အပေါ်ပုံ)

(၄၇၂)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊ ၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် မစ္စမာကျား လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၃

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် မစ္စမာကျား က ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ လာရောက်ဂါရဝပြုတွေ့ဆုံခဲ့ပြီး ၎င်း၏သံအမတ်ခန့်အပ်လွှာ မိတ္တူကို ပေးအပ်သည်။

ထိုသို့တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားပြီး မြန်မာ-တရုတ်နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်ဖက်အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေးနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာ အထူးသဖြင့် အာဆီယံနှင့် ကုလသမဂ္ဂတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စတို့အပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့သည်။

သတင်းစဉ်



☆ ၂၀၂၄ မှ

ယနေ့နံနက်ပိုင်းတွင် ၂၀၂၄ ခုနှစ် (၁၄၂) ကြိမ်မြောက် တောင်ပင်လယ် ပုလဲရောင်းချပွဲဗဟိုကော်မတီနာယက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူတို့သည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမ၌ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပုလဲအတွဲများ ရောင်းချနေမှုကို လိုက်လံကြည့်ရှု အားပေးခဲ့ကြသည်။

ယင်းနောက် တင်ဒါအမှတ်(၁)နှင့် တင်ဒါအမှတ်(၂) တို့မှ ပုလဲအတွဲပေါင်း ၂၃၀ တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ ပုလဲအတွဲပေါင်း ၁၇၇ တွဲရောင်းချရကြောင်း ကြေညာသည်။

**ဆက်လက်ရောင်းချပေးသွားမည်**

ပုလဲရောင်းချပွဲတတိယနေ့တွင် တင်ဒါအမှတ် (၃)ဖြစ်သည့် ပုလဲအတွဲအမှတ်(၂၃၁) မှ အတွဲအမှတ် (၃၄၅) အထိ ပုလဲအတွဲပေါင်း (၁၁၅) တွဲနှင့် တင်ဒါအမှတ် (၄) ဖြစ်သည့် ပုလဲအတွဲအမှတ် (၃၄၆) မှ အတွဲအမှတ် (၄၆၀) အထိ ပုလဲအတွဲပေါင်း (၁၁၅) တွဲတို့ကို ပြည်တွင်း ပြည်ပ ရတနာကုန်သည်များအား ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။

ယခုကျင်းပသည့် ၂၀၂၄ ခုနှစ် (၁၄၂) ကြိမ်မြောက် မြန်မာ့ တောင်ပင်လယ်ပုလဲရောင်းချပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ ဩဂုတ် ၁၂ ရက်မှ ၁၅ ရက်အထိ ကျင်းပနေခြင်းဖြစ်ပြီး ပြပွဲတွင် ပုလဲအတွဲပေါင်း ၇၀၀၊ ပုလဲအလုံးပေါင်း ၁၇၅၀၀၀ ကို ပြည်တွင်း ပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပုလဲအတွဲများ ရောင်းချနေမှုကို လိုက်လံကြည့်ရှုအားပေးစဉ်။



ခင်းကျင်းပြသထားသည့် ပုလဲအတွဲများကို ပြည်တွင်းပြည်ပရတနာကုန်သည်များက စိတ်ကြိုက်လေ့လာ ကြည့်ရှုကြစဉ်။

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ လပတ်ပုံမှန်အစည်းအဝေး ကျင်းပ

ရန်ကုန် ဩဂုတ် ၁၃

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၏ ကောင်စီဝင်များ အားလုံးပါဝင်သော လပတ်ပုံမှန် အစည်းအဝေး (၄/၂၀၂၄)ကို ယနေ့နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ရှိမြန်မာနိုင်ငံသတင်းမီဒီယာကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးကို အစီအစဉ် (၁၂)ရပ်ဖြင့် ကျင်းပပြီး အစီအစဉ်အရ ကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က အဖွင့်အမှာစကား ပြောကြားရာတွင် လတ်တလော ဖြစ်ပွားနေသည့် မီဒီယာအခင်းအကျင်းများနှင့်ပတ်သက်ပြီး ကောင်စီ၏ ဆောင်ရွက်ချက်များ၊ နိုင်ငံအတွက် အရေးကြီးသည့် အခြေအနေများတွင် ခိုင်မာသေချာသည့်သတင်းမှန်များကို အများပြည်သူထံ အချိန်မီရောက်ရှိနိုင်စေရေး အကြောင်းများအပါအဝင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ စတုတ္ထသက်တမ်းအတွက် လွှဲပြောင်းပေးရာတွင် အဆင်ပြေလွယ်ကူစွာဆောင်ရွက်နိုင်စေရေးတို့ကို ပြောကြားခဲ့သည်။

ထို့နောက် အလုပ်အမှုဆောင်များက ဆောင်ရွက်ချက်များကို အသေးစိတ်တင်ပြခဲ့ကြပြီး တက်ရောက်လာသည့် ကောင်စီဝင်များက အပြန်အလှန် ဆွေးနွေးမှုများပြုလုပ်ခဲ့ကြသည်။

ယင်းနောက် ဆက်လက်ဆောင်ရွက်ရမည့် အစည်းအဝေးဆုံးဖြတ်ချက်များကို သဘောတူဆုံးဖြတ်ခဲ့ကြပြီး အစည်းအဝေးကို မွန်းလွဲ ၁၂ နာရီခွဲတွင် အောင်မြင်စွာပြီးဆုံးခဲ့သည်။

သတင်းစဉ်



# နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၁၃

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်း ဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ပါသည်။

**မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ** မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပါသည်။

**မြန်မာ့ပင်လယ်ပြင်မှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** မုတ်သုံလေ အားနည်းနေမည်။

မိုး/ဧလ

# ၂၀၂၄ ခုနှစ် လူငယ်ဖိုရမ်အခမ်းအနား ကျင်းပ

## လူငယ်များ၏တန်ဖိုးရှိသည့်စွမ်းရည်များ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးနိုင်ရန်နှင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် လူငယ်များတက်ကြွစွာ ပူးပေါင်းပါဝင်လာခြင်းအားဖြင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်ပေးနိုင်ရန်ဖြစ်




ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ၂၀၂၄ ခုနှစ် လူငယ်ဖိုရမ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဩဂုတ် ၁၃

"လူငယ်ကဏ္ဍမြှင့်တင်လို့ ပိုမိုကောင်းမွန်တဲ့ လူ့အဖွဲ့အစည်းဖန်တီးစို့" ဆောင်ပုဒ်ဖြင့် ၂၀၂၄ ခုနှစ် လူငယ်ဖိုရမ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(C)၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းသိန်းဇံနှင့် ဒေါက်တာစိုးဝင်း၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးမှ လူမှုရေးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းလူငယ်များ၊ နေပြည်တော်ကောင်စီ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ လူငယ်ကိုယ်စားလှယ်များ၊ ရေကြောင်းနှင့် လေကြောင်းလူငယ်များ၊ ကြက်ခြေနီနှင့် ကင်းထောက်လူငယ်များ၊ စေတနာ့ဝန်ထမ်းလူငယ်များ၊ နေပြည်တော်ရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများ၊ အခြေခံကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ မိတ်ဖက်အဖွဲ့အစည်းများမှ လူငယ်များနှင့် နယ်ပယ်ပေါင်းစုံမှ လူငယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးများက အခမ်းအနားသို့တက်ရောက်လာကြသူများနှင့် အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကိုအလေးပြုကြသည်။

ထို့နောက် မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက လူငယ်ဖိုရမ်ကျင်းပရသည့် ရည်ရွယ်ချက်မှာ "လူငယ်စွမ်းအား ပြည့်အင်အားဖြင့် ရှေ့သို့လှမ်းချီမြန်မာပြည်" ဆိုသည့် မျှော်မှန်းချက်နှင့်အညီ လူငယ်များ မိမိနိုင်ငံကို ချစ်မြတ်နိုးစိတ်များ တိုးပွားလာပြီး အနာဂတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် အဓိကအင်အားစုများအဖြစ် ပါဝင်လာနိုင်စေရန်၊ မိမိနိုင်ငံနှင့် ယဉ်ကျေးမှုအပေါ် တန်ဖိုးထားချစ်မြတ်နိုးစိတ်များ တိုးပွားလာပြီး နိုင်ငံသားကောင်းတစ်ယောက်၏ အခွင့်အရေးနှင့် တာဝန်များကို ပိုမိုနားလည်လာစေရန်၊ မတူညီသည့် ဒေသအသီးသီးက လူငယ်များ တွေ့ဆုံဆွေးနွေးခွင့်ရရှိသည့်အတွက် လူငယ်ထုအကြား ရင်းနှီးချစ်ခင်မှုနှင့် နားလည်ယုံကြည်မှု တည်ဆောက် ပေးနိုင်စေရန်၊ လူငယ်များ၏ တန်ဖိုးရှိသည့် စွမ်းရည်များ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးနိုင်ရန်နှင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် လူငယ်များတက်ကြွစွာ ပူးပေါင်းပါဝင်လာခြင်းအားဖြင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ပေးနိုင်ရန် ဖြစ်ကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် မသက်သက်ဇော်အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုချက်များကို Agenda 2030 အလွန် ၂၀၄၀ ပြည့်နှစ်အထိ မြော်တွေးကာ ဆွေးနွေးဖော်ထုတ်သွားမည်ဖြစ်သည့်အတွက် Panel session သုံးခုအပေါ် အခြေပြုညှိနှိုင်းအဖြေရှာ၍ ရေရှည်၊ ရေတိုလုပ်ငန်းအစီအမံများ ချမှတ်နိုင်အောင် သက်ဆိုင်ရာကဏ္ဍများအလိုက် တက်တက်ကြွကြွ စိတ်ပါဝင်စားစွာ ပိုင်းဝန်းဆွေးနွေးကြကာ သက်ရှယ်စုံညီပါဝင်သည့် လူမှုစီးပွားဘဝ သာယာဖွံ့ဖြိုးတိုးတက်ပြီး သဟဇာတဖြစ်သည့် အနာဂတ် လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပုံဖော်နိုင်ပါစေကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်အခမ်းအနား၊ လူငယ်ဖိုရမ်၊ လူငယ်လေ့လာရေးခရီးစဉ်နှင့် လူမှုအကျိုးပြု လုပ်ငန်းများအတွက် အလှူငွေ လှူဒါန်းခဲ့ကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

စာမျက်နှာ ၅ သို့



ဒုတိယဝန်ကြီး ဦးဇင်မင်းထက် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ်အခမ်းအနား၊ လူငယ်ဖိုရမ်၊ လူငယ်လေ့လာရေးခရီးစဉ်နှင့် လူမှုအကျိုးပြုလုပ်ငန်းများအတွက် အလှူငွေလှူဒါန်းခဲ့သည့် အလှူရှင်တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။

✪ စာမျက်နှာ ၄ မှ

ဆက်လက်၍ လူငယ် ဂုဏ်ပြုတေး သီချင်းဖြစ်သည့် **“ရောင်စုံဥယျာဉ်”**တေးသီချင်းဖြင့် လည်းကောင်း၊ ကချင်ပြည်နယ် လူငယ်ကိုယ်စားလှယ်အဖွဲ့က“မမေ့နိုင်တဲ့မြေ”တေးသီချင်းနှင့်တွဲဖက်၍ ရိုးရာအကဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် လူငယ်ကိုယ်စားလှယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် လူငယ်ဖိုရမ်ကို ဆက်လက်ကျင်းပသည်။ **(လူငယ်ဖိုရမ်တွင် ကဏ္ဍအလိုက် ဆွေးနွေးမှုများကို ရှေ့ဖုံးမှစတင်ဖော်ပြထားပါသည်။)**

ကဏ္ဍအလိုက် ဆွေးနွေးမှုများအပြီးတွင် ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က လူငယ်ဖိုရမ်သို့ တက်ရောက်လာကြသည့် လူငယ် ကိုယ်စားလှယ်များနှင့် စေတနာ့ဝန်ထမ်း လူငယ်များ ကိုယ်စား လူငယ်ကိုယ်စားလှယ်တစ်ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ လူငယ်ဖိုရမ်ကို ရုပ်သိမ်းလိုက်သည်။

လူငယ်ဖိုရမ်သို့ တက်ရောက်လာကြသည့် လူငယ်များ အသိပညာ ဗဟုသုတများတိုးပွားကာ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန် အတွက် ပညာရေးဆိုင်ရာ အခွင့်အလမ်းများနှင့် လူငယ်ဆိုင်ရာ သတင်း အချက်အလက်များ၊ မိတ်ဖက် အဖွဲ့အစည်းများ၏ ထုတ်ကုန်များနှင့် အထိမ်းအမှတ် ပစ္စည်းများ ခင်းကျင်းပြသခြင်း၊ လူငယ် ဖွံ့ဖြိုးတိုးတက်ရေး လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ




ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ အခမ်းအနားသို့ တက်ရောက်လာကြသည့် လူငယ်ကိုယ်စားလှယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။

ပြသခြင်း၊ စစ်တမ်းကောက်များ ကောက်ယူခြင်း၊ ဉာဏ်စမ်း မေးခွန်းများ မေးမြန်းခြင်း၊ ဆုလက်ဆောင်များ ပေးအပ်ခြင်းနှင့် စုပေါင်းဂိမ်းကစားခြင်း စသည့် အစီအစဉ်များကိုလည်း ထည့်သွင်းကျင်းပခဲ့သည်။

လူငယ်ဖိုရမ်မှ သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် ဆွေးနွေး၍ ထွက်ပေါ်လာသည့် ရလဒ်များ၊ အကြံပြုချက်များကို စုစည်းကာ လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာ လုပ်ငန်းစီမံချက်များတွင် ထည့်သွင်း ရေးဆွဲဆောင်ရွက်နိုင်ရေး မူဝါဒဆိုင်ရာ အကြံပြုချက်များအဖြစ် မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီသို့ ဆက်လက်တင်ပြသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




လူငယ်ဖိုရမ်တွင် ဒစ်ဂျစ်တယ်အသွင်းကူးပြောင်းခြင်းနှင့် ပြောင်းလဲဆန်းစစ်ခြင်းကဏ္ဍခေါင်းစဉ်ဖြင့် ဆွေးနွေးကြစဉ်။




လူငယ်ဖိုရမ်တွင် လူမှု-ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍခေါင်းစဉ်ဖြင့် ဆွေးနွေးကြစဉ်။

✻ ရှေ့ဖုံးမှ

အသွင်ကူးပြောင်းမှုနှင့် ဆန်းသစ်တီထွင်မှုများသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး စသည့် နယ်ပယ်ကဏ္ဍစုံတွင် ထိရောက်စွာအသုံးချလျက်ရှိသည့် အဓိကသော့ချက်တစ်ခုဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုက်ရိုက်အချိုးကျလျက်ရှိခြင်းတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ မြန်မာလူငယ်များအနေဖြင့် လာမည့်ဆယ်စုနှစ်များတွင် မိမိနိုင်ငံအတွက်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည့် ကိစ္စရပ်များကို ဖော်ထုတ်ရာတွင် အဓိကကျပြီး လူငယ်များ၏ နေ့စဉ်လူမှုဘဝဖြတ်သန်းမှုများတွင် ပုံစံအမျိုးမျိုးဖြင့် ဆက်စပ်နေသော ကဏ္ဍများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်၏ အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည့် ဉာဏ်ရည်တု AI နှင့် ပတ်သက်သည့် သိမှတ်ဖွယ် ဗဟုသုတများ၊ ဆောင်ရန်ရှောင်ရန် ကိစ္စရပ်များ၊ လုပ်ဆောင်နိုင်စွမ်း နယ်ပယ်များနှင့် စိန်ခေါ်မှုများ၊ ကျော်လွှားနိုင်မည့် နည်းလမ်းများ၊ နည်းပညာတိုးတက်လာမှုနှင့် ပတ်သက်၍ ဆိုးကျိုးနှင့် ကောင်းကျိုးများ၊ Data အချက်အလက်များ၏ လုံခြုံရေးဆိုင်ရာ အချက်အလက်များ၊ လူငယ်များဘဝကို တိုးတက်ပြောင်းလဲစေရန် အသုံးချနိုင်မည့် နည်းပညာ စွမ်းအားများနှင့်စပ်လျဉ်း၍လည်းကောင်း၊ နေ့စဉ်လုပ်ငန်းခွင်တွင် AI နည်းပညာ အသုံးဝင်မှုနှင့် ရင်ဆိုင်ရမည့်စိန်ခေါ်မှုများ၊ မြန်မာနိုင်ငံ ကျေးလက်နေလူငယ်များ၏ လူနေမှုဘဝများ တိုးတက်ကောင်းမွန်စေရန်နှင့် ပတ်သက်သည့် နည်းပညာများနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးကြသည်။




လူငယ်ဖိုရမ်သို့ တက်ရောက်လာကြသည့် လူငယ်ကိုယ်စားလှယ်များက အုပ်စုကိုးစုခွဲ၍ ဆွေးနွေးကြပြီး အုပ်စုခေါင်းဆောင်များက ဆွေးနွေးပွဲရလဒ်များကို ဖတ်ကြားတင်ပြစဉ်။

ထို့နောက် Socio-Cultural Development မှတ်တမ်းဗီဒီယိုကိုပြသပြီး နိုင်ငံတကာခေါင်းဆောင်မှု တက္ကသိုလ်မှ ဆရာမ ဒေါ်စုလှဲ့လှဲ့နိုင်၊ နိုင်ငံတကာခေါင်းဆောင်မှု တက္ကသိုလ်ဥက္ကဋ္ဌ ဒေါ်မေဖူးပွင့်စိုး၊ ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန် ဒေါက်တာချမ်းငြိမ်းစုနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သန္တာမိုးတို့က **“လူမှု-ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ”** ခေါင်းစဉ်ဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ကောင်းမွန်သောပညာရေးနှင့် ကျန်းမာရေးစနစ်တို့ဖြင့် အခြေခံတည်ဆောက်ပြီး မျက်မှောက်ခေတ်အခြေအနေတွင် နည်းပညာဆိုင်ရာ တိုးတက်ကောင်းမွန် ပြောင်းလဲလာမှုများနှင့်အတူ စိတ်ပိုင်းဆိုင်ရာများနှင့် ကျင့်ဝတ်ဆိုင်ရာစိန်ခေါ်မှုများအား ဖြေရှင်းနိုင်ရေးနှင့်စပ်လျဉ်း၍လည်းကောင်း၊ နိုင်ငံတော်၏ အနာဂတ်ခေါင်းဆောင်များဖြစ်သော လူငယ်များအတွက် နိုင်ငံသားကျင့်ဝတ်များ၊ ခေါင်းဆောင်မှုဆိုင်ရာ အရည်အသွေးများနှင့်စပ်လျဉ်း၍လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်ရေးများနှင့် ပတ်သက်သော အလေ့အကျင့်ကောင်းများကို မည်သည့်နည်းလမ်းများဖြင့် ဆောင်ရွက်သင့်သည်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ၂၁ ရာစုတွင် လူငယ်များအတွက် ကျွမ်းကျင်မှုများဖြစ်သော Digital Literacy၊ Communication Skills၊ Critical Thinking၊ Global and Cultural Awareness၊ Financial Literacy စသည့် ဘာသာရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ အနာဂတ်ခေါင်းဆောင်များဖြစ်လာမည့် လူငယ်များအနေဖြင့် မဖြစ်မနေတတ်ကျွမ်းသင့်သည့် (hardskill & Softskill) အသိပညာ၊ အတတ်ပညာများ၊ မြန်မာနိုင်ငံ၏ လူမှု-ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးကို အတူတကွဖော်ဆောင်နိုင်ရန် နည်းလမ်းများ၊ ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ ထိလွယ်ရှလွယ် ဖြစ်ပေါ်ခြင်းကို ကာကွယ်တားဆီးနိုင်ရန်နည်းလမ်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ လူငယ်များအနေဖြင့် ရုပ်ပိုင်းဆိုင်ရာကျန်းမာကြံ့ခိုင်ရေးကိုမြှင့်တင်ရန်အတွက် အထောက်အပံ့များ၊ ၂၁ ရာစုကာလတွင် အတတ်ပညာများနှင့် ပတ်သက်၍ ဘဝအတွက် အထောက်အကူပြုနိုင်မည့် နည်းလမ်းများနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးကြသည်။

စာမျက်နှာ ၆ သို့ ✻







လူငယ်ဖိုရမ်သို့ တက်ရောက်လာကြသည့် လူငယ်ကိုယ်စားလှယ်များက Zumba အကဖြင့် အတူတကွ ကပြကြစဉ်။

* စာမျက်နှာ ၅ မှ

ယင်းနောက် Economic Growth and Employment ဗီဒီယိုကို ပြသပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာ မော်မော်ထွန်း၊ မြန်မာလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်း (MYDA) ဘဏ္ဍာရေးမှူး ဒေါ်ကြည်စင်ရွှေ၊ အစိုးရစက်မှုလက်မှုသိပ္ပံ နေပြည်တော်မှ တတိယနှစ်ကျောင်းသူ မနှင်းဆီရွှေစင်နှင့် I CAKE U Bakery (နေပြည်တော်) မှ ဒေါ်ချိုနေခြည်နွေး တို့က "စီးပွားရေးတိုးတက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းကဏ္ဍ" ခေါင်းစဉ်ဖြင့် စီးပွားရေးတိုးတက်အောင်တည်ဆောက်ခြင်းသည် နိုင်ငံတည်ဆောက်ခြင်း (State Building)အတွက် အရေးပါသော အချက်အလက်တစ်ခုဖြစ်သောကြောင့် အဆိုပါနယ်ပယ်တွင် လူငယ်များ ပါဝင်နိုင်မှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဒစ်ဂျစ်တယ်နည်းလမ်း အသုံးပြု၍ဆောင်ရွက်နိုင်သည့် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များ၊ လုပ်ငန်းခွင်သင်တန်းများမှတစ်ဆင့် ပို၍ကောင်းမွန်သော အလုပ်အကိုင် အခွင့်အလမ်းများကို ချိတ်ဆက်ဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ အနာဂတ်တွင် အောင်မြင်တိုးတက်ရေးအတွက် အဓိကလက်တွေ့ကျသော နယ်ပယ်များတွင် မိမိဘဝခရီးကို စွန့်ဦးတီထွင် လုပ်ငန်းရှင်တစ်ယောက်အဖြစ် လေ့ကျင့်ပျိုးထောင်ဖြတ်သန်းနိုင်မည့် အကြောင်းအရာများ၊ လက်ရှိတိုးတက်ပြောင်းလဲလာသည့် ခေတ်နှင့်အညီ ဒစ်ဂျစ်တယ်နည်းပညာဖြင့် အလုပ်အကိုင် ရှာဖွေရေးနည်းလမ်းများ၊ အွန်လိုင်းပေါ်မှ ဝင်ငွေရှာဖွေမှုနှင့် မိမိ၏ငွေကြေးများလည်း ဆုံးရှုံးနိုင်ခြေရှိမှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ TVET မှ တစ်ဆင့် အသက်မွေးဝမ်းကျောင်းအပေါ်ကြီးမားသည့် အကျိုးသက်ရောက်မှု၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရန် လိုအပ်နေသည့် စီးပွားရေးကဏ္ဍများ၊ ပိုမိုကောင်းမွန်သည့် အလုပ်အကိုင်အခွင့်အလမ်းများနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးကြသည်။

### ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်

ယင်းနောက် ဌာနဆိုင်ရာအကြီးအကဲများက လူငယ်ဖိုရမ်၌ သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆွေးနွေးခဲ့ကြသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ဆက်လက်၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ နည်းပြ ဒေါ်မိုးသီတာ ဦးဆောင်၍ တက်ရောက်လာကြသည့် လူငယ်ကိုယ်စားလှယ်များက Zumba အကဖြင့် အတူတကွ ကပြကြသည်။

ထို့နောက် လူငယ်ဖိုရမ်သို့ တက်ရောက်လာကြသည့် လူငယ်ကိုယ်စားလှယ်များက အုပ်စုကိုးခုခွဲ၍ The Power of Technology to Transform Your Life၊ The Truth about AI၊ Steps Youth Need to Take to Access the Digital World၊ Youth: The Future Leaders of the Nation၊ Master Your Mind, Master Your Body၊ The Skill Youth Need to Succeed in the 21 st Century၊ Today Trending: Monetizing Your Digital Brand၊ Get a Better Job with TVET နှင့် Master Your Life through Enterpreneurship စသည့် ခေါင်းစဉ်များဖြင့်ဆွေးနွေးကြပြီး အုပ်စုအဖွဲ့များမှခေါင်းဆောင်များက ဆွေးနွေးပွဲရလဒ်များကို ဖတ်ကြားတင်ပြရာ ရလဒ်များအပေါ် တာဝန်ရှိသူများက အနှစ်ချုပ်ပြန်လည်ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်



လူငယ်ဖိုရမ်သို့ တက်ရောက်လာကြသည့် လူငယ်ကိုယ်စားလှယ်များအုပ်စုအလိုက်ဆွေးနွေးကြစဉ်။









လူငယ်ဖိုရမ်သို့ တက်ရောက်လာကြသည့် လူငယ်ကိုယ်စားလှယ်များက အုပ်စုကိုးစုခွဲ၍ ဆွေးနွေးကြပြီး အုပ်စုခေါင်းဆောင်များက ဆွေးနွေးပွဲရလဒ်များကို ဖတ်ကြားတင်ပြစဉ်။

# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ကျောင်းသား ကျောင်းသူများ နိုင်ငံတော်အစီအစဉ်ဖြင့် ပြည်ပလေ့လာရေးခရီးစဉ်များ လှည့်လည်လေ့လာ




**ကြည့်ရှုလေ့လာ**

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ကျောင်းသား ကျောင်းသူများ စင်ကာပူနိုင်ငံတွင် ကြည့်ရှုလေ့လာကြစဉ်။

နေပြည်တော် ဩဂုတ် ၁၃

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ ထူးချွန်ကျောင်းသား ကျောင်းသူများကို နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ် ရှင်သန်ထက်မြက်စေရေး၊ ပြည်တွင်းပြည်ပ အတွေ့အကြုံကောင်းများ ရရှိစေရေးတို့အတွက် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာတွဲအလိုက် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၃၀ ကို နိုင်ငံတော်အစီအစဉ်ဖြင့် ဩဂုတ် ၉ ရက်မှ ၁၃ ရက်အထိ ပြည်ပလေ့လာရေးခရီးစဉ် စေလွှတ်ခဲ့သည်။

အဆိုပါထူးချွန်ကျောင်းသား ကျောင်းသူများအဖွဲ့သည် ထိုင်းနိုင်ငံတွင် ဩဂုတ် ၉ ရက်မှ ၁၀ ရက်အထိ လည်ပတ်လေ့လာခဲ့ကြပြီး ဩဂုတ် ၁၁ ရက်တွင် စင်ကာပူနိုင်ငံသို့ ရောက်ရှိ၍ မြန်မာသံရုံးနှင့် Merlion Park တို့သို့ လည်ပတ်လေ့လာကြသည်။ ဩဂုတ် ၁၂ ရက်တွင် Botanic Garden သို့သွားရောက်ကြကာ အဆိုပါ Botanic Garden အတွင်း၌ ပျော်ရွှင်စွာ လှည့်လည်ကြည့်ရှုလေ့လာပြီး အမှတ်တရ မှတ်တမ်းဓာတ်ပုံများရိုက်ခဲ့ကြသည်။

ထို့ပြင် Clementine Road ရှိ Singapore Institute of Management (SIM) သို့ ရောက်ရှိကြရာ Singapore Institute of Management မှ တာဝန်ရှိသူများက နွေးထွေးစွာကြိုဆိုကြကာ ထူးချွန်ကျောင်းသား ကျောင်းသူများကို အဆိုပါကျောင်းရှိ SIM Heritage Gallery ၌ Ms. Celia Her က တက္ကသိုလ်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြား၍ တက္ကသိုလ်တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ထူးချွန်ကျောင်းသား ကျောင်းသူများကို Theatre ၌ တွေ့ဆုံကာ တက္ကသိုလ်၏ Vice Provost Dr. Timothy Chan က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံရုံး သံရုံးယာယီတာဝန်ခံ ဦးဇော်ဇော်စိုးက ကျေးဇူးတင်စကားပြောကြားကာ Ms. Celia Her က SIM University တက္ကသိုလ်အကြောင်း မိတ်ဆက်ပြောကြား၍ Dr. Liam Kim Yang က တက္ကသိုလ်တွင် သင်ယူနိုင်သော သင်တန်းများအကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် မြန်မာနိုင်ငံမှ ပညာသင်ကျောင်းသားတစ်ဦးက ၎င်း၏ပညာသင် အတွေ့အကြုံများကို ရှင်းလင်းပြောကြားပြီး ထူးချွန်ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ဆက်လက်၍ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြပြီး အဆိုပါကျောင်းတွင် ပညာသင်ယူနေသော Student Ambassadors မြန်မာကျောင်းသား ကျောင်းသူတို့က ဦးဆောင်၍ တက္ကသိုလ်စာကြည့်တိုက်၊ အားကစားရုံ၊ Student's Wellness Centre၊ Canteen စသည်တို့ကို အဖွဲ့သုံးဖွဲ့ခွဲ၍ Campus Tour အဖြစ် လှည့်လည်ရှင်းလင်းပြသကြသည်။

မွန်းလွဲပိုင်းတွင် လေ့လာရေး ထူးချွန်ကျောင်းသား ကျောင်းသူများသည် Garden by the Bay သို့ ရောက်ရှိပြီး Flower Dome နှင့် S.E.A Aquarium တို့ကို လေ့လာကြသည်။

ထို့နောက် Sentosa ကျွန်းသို့ သွားရောက်ပြီး အဆိုပါ Sentosa ကမ်းခြေရှိ Tourist Attractions နေရာများကို လည်ပတ်ကြကာ ရေသားဖန်သားပြင် ဖြင့်ပြသသော 'Wings of the Time' ကို အပန်းဖြေကြည့်ရှုကြသည်။




အဆိုပါ ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် အုပ်ချုပ်သူများသည် ယနေ့နံနက် ၉ နာရီခွဲတွင် စင်ကာပူနိုင်ငံ ချန်ဂီလေဆိပ်သို့ ရောက်ရှိပြီး Jewel Shopping Centre ၌ လှည့်လည်ကြည့်ရှုလေ့လာ ဈေးဝယ်ကြသည်။

ယင်းနောက် အဆိုပါအဖွဲ့သည် မြန်မာအမျိုးသား လေကြောင်းလိုင်းဖြင့် စင်ကာပူနိုင်ငံမှ ထွက်ခွာကြရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြပြီး တာဝန်ရှိသူများနှင့် ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လာရောက်ကြိုဆိုကြကာ ထူးချွန်ကျောင်းသား ကျောင်းသူများသည် အုပ်ချုပ်သူများ၊ သက်ဆိုင်ရာမိဘများနှင့်အတူ နေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာသွားကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဇူလိုင် ၂၂ ရက်တွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်ခဲ့ပြီး အဆိုပါကျောင်းသား ကျောင်းသူများအနက် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာတွဲအလိုက် ရမှတ်အများဆုံးရရှိသူ ကျောင်းသား ကျောင်းသူ ၃၀ ကို ပြည်ပနိုင်ငံများသို့လေ့လာရေးခရီး သွားရောက်ရန် စီစဉ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



ထူးချွန်ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများနှင့် ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။



# ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်း

နေပြည်တော် ဩဂုတ် ၁၃

ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက်ရန်အတွက် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ရဲရဲဝံ့ဝံ့ သက်စွန့်ဆံဖျား ထမ်းဆောင်လျက်ရှိသည့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ထမ်းများနှင့် မိသားစုများသာမက နိုင်ငံအတွင်းမှ အသင်းအဖွဲ့များ၊ စေတနာရှင် အလှူရှင်များကလည်း အလှူငွေများနှင့် စားသောက်ဖွယ်ရာများကို ပေးပို့လှူဒါန်းလျက်ရှိသည်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ချက်ပြုတ်ကြော်လှော် ပြင်ဆင်နေမှုများကို ကြည့်ရှုအားပေးစဉ်။

## ကြည့်ရှုအားပေး

ယနေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ပရှိ မြန်မာသံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများမှ ဝန်ထမ်းမိသားစုများက ရှေ့တန်းရောက် တပ်မတော်သားများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ အတွက် စေတနာ၊ မေတ္တာအပြည့်ဖြင့် ကော်ဖီမစ်၊ ခေါက်ဆွဲခြောက်၊ ငါးပိထောင်း၊ ငါးသေတ္တာ၊ ငါးနီတူခြောက်ကြော်၊ ငါးကြင်းကြော်ဘူး၊ ငါးဆုပ်ဟင်းဘူး၊ ကြက်သားနှပ်ဘူး၊ ဘာလချောင်ကြော်၊ လက်ဖက်ချဉ်စပ်၊ ကုလားပဲနှပ်၊ ဆေးပေါ့လိပ်၊ မြေပဲပွ၊ မြေပဲဆံလှော်နှင့် အားဖြည့်အချိုရည်များ လှူဒါန်းနိုင်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမတွင် ပြင်ဆင်ထုပ်ပိုးနေမှုများကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ဒုတိယဝန်ကြီး ဦးလွင်ဦး၊ အမြဲတမ်းအတွင်းဝန်၊ သံအမတ်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများက လိုက်လံကြည့်ရှုအားပေးကြသည်။

နိုင်ငံခြားရေးဝန်ကြီး ဌာနနှင့် ပြည်ပရှိ မြန်မာသံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့မှ ဝန်ထမ်းမိသားစုများက လှူဒါန်းသည့် ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာ များကို ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးနိုင်ရေး နေပြည်တော်တိုင်းစစ်ဌာနချုပ်သို့ သွားရောက်လှူဒါန်းမည်ဖြစ်သည်။

## စုပေါင်းချက်ပြုတ်ကြော်လှော်

အလားတူ ယနေ့တွင် တတိယအကြိမ် ပေးပို့လှူဒါန်းနိုင်ရန်အတွက် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများကို စုပေါင်းချက်ပြုတ် ကြော်လှော်ကြပြီး စိတ်အားထက်သန်စွာဖြင့် ပြင်ဆင်ထုပ်ပိုးနေမှုများကို ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာန ဝန်ထမ်းမိသားစုဝင်များအနေဖြင့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ငွေကျပ်သိန်း ၃၀၀ တန်ဖိုးရှိ မြေပဲကြော်၊ ဘာလချောင်ကြော်၊ ငါးနီတူခြောက်ကြော်၊ အသင့်စားချဉ်ပေါင်ကြော်၊ ငါးသေတ္တာဘူး၊ လက်ဖက်နှပ်၊ ငါးပိထောင်းဘူး၊ သရက်သီးသနပ်၊ ခေါက်ဆွဲခြောက်၊ ငါးကြင်းဆန်ပြုတ်စသည့် စားသောက်ဖွယ်ရာ ၁၀ မျိုးတို့အား အထုပ် ၁၅၀၀ စီ၊ ကော်ဖီမစ်နှင့် တီးမစ် အထုပ် ၃၀၀၀ စီတို့အား ဩဂုတ်၁၄ ရက်တွင် နေပြည်တော်တိုင်း စစ်ဌာနချုပ်သို့ ပေးပို့လှူဒါန်းသွားမည်ဖြစ်သည်။



နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပြင်ဆင်ထုပ်ပိုးနေမှုများကို တွေ့ရစဉ်။

စားသောက်ဖွယ်ရာများနှင့်အတူ ဝန်ကြီးဌာနအရာထမ်း၊ အမှုထမ်းများက “တရားသောစစ် မုချအောင်ရမည်၊ အမောင်စစ်သည်တို့နှင့်အတူ တစ်သွေးတည်းတစ်သားတည်း အတူရပ်တည်နေသည်ကို ခြွင်းချက်မရှိ ယုံကြည်၍ ပေးအပ်သည့် အမိန့်နှင့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ပြီး အောင်ပွဲများနှင့်အတူ ပြန်လာချိန်ကို သပြေပန်းနှင့်ကြိုဆိုရန် အသင့်စောင့်မျှော်နေမည်” အစရှိသည့် ဆုတောင်းမေတ္တာ စာလွှာများကိုလည်း ထည့်သွင်းပေးပို့ခဲ့ကြသည်။



ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများ ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပြင်ဆင်ထုပ်ပိုးနေမှုများကို ကြည့်ရှုအားပေးစဉ်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေး အဖွဲ့တို့မှ ပြည်သူများက ဩဂုတ် ၁၁ ရက်တွင် ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီး၌ စားသောက်ဖွယ်ရာများ စုပေါင်းကြော်လှော်ချက်ပြုတ်ကြပြီး ပေးပို့လှူဒါန်းနိုင်ရေး ပြင်ဆင်ထုပ်ပိုးနေမှုများကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဝန်ကြီးများက လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

နိုင်ငံတော်လုံခြုံရေးနှင့် နယ်မြေဒေသကာကွယ်ရေးအတွက် မိမိတို့၏အသက်ကို ပဓာနမထားဘဲ စွန့်လွှတ်စွန့်စားစွာဖြင့် ရှေ့တန်းတွင် တိုက်ပွဲဝင်နေကြသည့် တပ်မတော်သားများနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် ငါးခြောက်၊ အသားတုနှင့် ငရုတ်သီးကြော်၊ ငါးပိငံပြာရည်ကြော်၊ ပဲမျိုးစုံကြော်၊ လက်ဖက်၊ ဆေးလိပ်နှင့် အခြား စားသောက်ဖွယ်ရာများကို ပေးပို့လှူဒါန်းသွားမည်ဖြစ်ပြီး ပဲခူးတိုင်းဒေသကြီးဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအဖွဲ့မှ တိုင်းရင်းသားပြည်သူများက “တိုင်းပြည်၏ အန္တရာယ် ရန်စွယ်အပေါင်းကို တွန်းလှန် တိုက်ခိုက်နေသည့် တပ်မတော်သားများ၊ လုံခြုံရေး တပ်ဖွဲ့ဝင်များအား လေးစား ဂုဏ်ယူလျက်ရှိကြောင်း၊ မကြာမီ တိုင်းရင်းသား ညီအစ်ကိုမောင်နှမ များ အေးချမ်းစွာ ပြန်လည်နေထိုင်ရတော့မည်ဟု ယုံကြည်မျှော်လင့်နေကြောင်း” စသည့် မေတ္တာ စာလွှာများကို ထည့်သွင်းပေးပို့ခဲ့ကြသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စေတနာရှင်ပြည်သူများ စုပေါင်း၍ ဩဂုတ် ၁ ရက်တွင် ငွေကျပ်သိန်း ၂၅၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်းခဲ့ပြီး ယခုအခါ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပဲခူးတိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအဖွဲ့မှ တိုင်းရင်းသား ပြည်သူများ စုပေါင်း၍ ဒုတိယ အကြိမ်အဖြစ် ငွေကျပ်သိန်း ၁၀၀ ကျော်တန်ဖိုးရှိစားသောက်ဖွယ်ရာ များ ထပ်မံပေးပို့ လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

ထို့အတူ ဩဂုတ် ၅ ရက် ညနေပိုင်းက ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင် များအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများ စုပေါင်း၍ စားသောက်ဖွယ်ရာများ ပေးပို့ လှူဒါန်းနိုင်ရေး စိတ်အားထက်သန်စွာ ပြင်ဆင်ဆောင်ရွက်နေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်း မိသားစုများက ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် ခေါက်ဆွဲခြောက် ၁၄၈၄၆ ထုပ်၊ ကြာဆံခြောက်အထုပ် ၉၀၀၊ ငါးသေတ္တာဘူး ၂၁၀၊ ကော်ဖီမစ် ၁၃၇ ပါကင်၊ ကွေကာအုပ် ၁၀ ပါကင်၊ ငါးပိထောင်းဘူး ၅၀၊ ငါးပိကြော်ထုပ် ၆၀၊ အမွှေးဆပ်ပြာ ၁၆၈ တုံး၊ ဓာတ်ဆားထုပ် ၂၅၀၊ ဆေးလိပ် ၁၀၆၀၀၊ ဂက်စ်မီးခြစ် အလုံးရေ ၁၀၀၊ သွားတိုက်ဆေးဘူး ၂၂၀၊ လက်ဖက်အသား နှစ်ပိဿာ၊ နှစ်ပြန်ကြော် သုံးပိဿာ၊ ကိတ်ခြောက် ၂၈ ဘူး၊ မိုးကာအထည် ၂၀၊ တီရှပ် ၁၀ ထည်၊ ငံပြာရည်ဘူး ၂၄၀၀၊ အချိုရည်ဘူး ၆၀၀၊ လက်ဆေးဆပ်ပြာဘူး ၁၅၀၊ ဆန်ကွတ်ကီးမုန့်ထုပ် ၇၂၀၀၊ ဂျက်ကက်အင်္ကျီအထည် ၅၀၊ ဘောင်းဘီရှည်အထည် ၅၀၊ အဝတ်အထည်မျိုးစုံ အထည် ၁၀၀ တို့ကို လှူဒါန်းသွားမည်ဖြစ်သည့်အပြင် “ကျန်းမာပါစေ၊ ဘေးအန္တရာယ် ကင်းပါစေ၊ တရားသောစစ် အောင်မြင်ပါစေ” စသည့်ဆုတောင်း မေတ္တာစာလွှာများကို ထည့်သွင်း ပေးပို့ကြသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်း မိသားစုများက ငွေကျပ် ၂၈၇၇၅၉၀ တန်ဖိုးရှိစားသောက်ဖွယ်ရာများကို လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အီရတ်နိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ပို့ဆောင်

ရန်ကုန် ဩဂုတ် ၁၃

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင် ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက်တန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့သည် သက်ဆိုင်ရာနိုင်ငံသံရုံးများနှင့် ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံး အေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

**ပြန်လည်ရောက်ရှိ**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မခမ်းဘွာအား အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် ကိုင်ရိုမြို့ရှိ မြန်မာသံရုံးသည် အီရတ်နိုင်ငံမှ အစိုးရ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (IOM) နှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ ညှိနှိုင်းချိတ်ဆက် ဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ရာ မခမ်းဘွာသည် ဩဂုတ် ၁၂ ရက် ဒေသစံတော်ချိန် ၁၂ နာရီ ၅၅ မိနစ်တွင် ဘဂ္ဂဒက်မြို့မှ ဘာရိန်း-ဗန်ကောက်-ရန်ကုန်ခရီးစဉ်ဖြင့် ထွက်ခွာခဲ့ရာ ရန်ကုန်မြို့သို့ ဩဂုတ် ၁၃ ရက် ညနေ ၆ နာရီတွင် ပြန်လည်ရောက်ရှိခဲ့သည်။

အရှေ့အလယ်ပိုင်း နိုင်ငံများတွင် အခက်အခဲများကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများ အမိနိုင်ငံသို့ ပြန်လည်ထွက်ခွာနိုင်ရန် မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့အနေဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ပြည်ပတွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများအား မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့မှ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံး တို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)

ဓာတ်ပုံ - ကနူး



# ပြင်ဦးလွင်-မန္တလေးအဆင်းကားလမ်းတွင် ခရီးသည်တင်ယာဉ်နှင့် (၁၂)ဘီးယာဉ်တို့ တိုက်မှု ဖြစ်ပွား

နတ်မောက် ဩဂုတ် ၁၃

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ မိုင်တိုင်အမှတ်(၁၉)၊ ပြင်ဦးလွင်-မန္တလေးအဆင်းကားလမ်းတွင် (၁၂)ဘီး မော်တော်ယာဉ်နှင့် ခရီးသည်တင်မော်တော်ယာဉ်တို့တိုက်မိမှုဖြစ်ပြီး အမျိုးသား သုံးဦး ဒဏ်ရာရကာ ယာဉ်နောက်လိုက်တစ်ဦး သေဆုံးမှု ဩဂုတ် ၁၁ ရက် ညနေ ၅ နာရီက ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း (စစ်ဆေးဆဲ)မောင်းနှင်ပြီး ဇော်မျိုးထွဋ် ဆိုသူ လိုက်ပါလာ သော ယာဉ်အမှတ် NISSAN DIESEL (၁၂)ဘီး မော်တော် ယာဉ်သည် ဝက်များတင်ရန် ပြင်ဦးလွင်မှ မန္တလေးသို့ မောင်း နှင်လာစဉ် မိုးရေဖြင့်ချော်၍ အရှိန်မထိန်းနိုင်ဘဲ လမ်းဝဲဘက် ခြမ်းရှိ မန္တလေးမှ ပြင်ဦးလွင်သို့ ယာဉ်မောင်း ကျော်သကဦးဆိုသူ မောင်းနှင်ပြီး ယာဉ်နောက်လိုက် ရဲလင်းအောင်နှင့် ဘိုဟိန်းဆိုသူတို့ လိုက်ပါလာသော MITSU-BISHI FUSO ခရီးသည်တင်ယာဉ်နှင့် တိုက်မိခဲ့ကြသည်။

ယာဉ်တိုက်မှုကြောင့် (၁၂)ဘီးယာဉ်မှ ယာဉ်နောက်လိုက် ဇော်မျိုးထွဋ် ဆိုသူတွင် ဝဲဘက်၊ ယာဘက်ခြေထောက်ပွန်းပဲ့ဒဏ်ရာများနှင့် ခရီးသည်တင်ယာဉ်မှ ယာဉ်မောင်း ကျော်သကဦးဆိုသူတွင် ခါးရိုးကျိုးဒဏ်ရာ၊ ယာဉ်နောက်လိုက် ရဲလင်းအောင်ဆိုသူတွင် ဝဲဘက်၊ ယာဘက်ခြေထောက်ပွန်းပဲ့ဒဏ်ရာများ ရရှိခဲ့ပြီး ယာဉ်နောက်လိုက် ဘိုဟိန်းဆိုသူမှာ အခင်းဖြစ်နေရာ၌ပင် သေဆုံးကာ ယာဉ်နှစ်စီး၏ ရှေ့ခြမ်းများ ပျက်စီးခဲ့သည်။

အခင်းဖြစ်နေရာသို့ ပြင်ဦးလွင် မြို့နယ် မီးသတ်စခန်းမှ မီးသတ်ဦးစီးမှူး ဦးငြိမ်းချမ်းအောင်နှင့် တပ်ဖွဲ့ဝင်များ၊ ရတနာပုံမြို့သစ် နယ်မြေမီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးဘုန်းနွယ်သွေးနှင့်တပ်ဖွဲ့ဝင်များသည် လူမှုကူညီရေးအသင်းတို့နှင့်အတူ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြ ပြီး ထိခိုက်ဒဏ်ရာရရသူများနှင့် သေဆုံးသူတို့အား သန္တိသုခလူမှုကူညီရေးအသင်းယာဉ်ဖြင့် ပြင်ဦးလွင်မြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့သည်။

အဆိုပါယာဉ်တိုက်မှုဖြစ်စဉ်နှင့်ပတ်သက်၍ ပြင်စာနယ်မြေရဲစခန်းမှ အမှုဖွင့်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်းအား အရေးယူရန် စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

(ဝ၅၇)



# ရေပူရေအေးစက်သွယ်တန်းထားသည့် မီးပလပ်ခုံအပူလွန်ကဲပြီးမီးလောင်မှု ဖြစ်ပွား

မန္တလေး ဩဂုတ် ၁၃

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၃၈)၊ ၂၆ လမ်း၊ လမ်း၈၀နှင့် ၈၁လမ်းကြားရှိ ဟိုတယ်အဆောက်အအုံအပေါ်ဆုံးခေါင်မိုးထပ်ရှိ ရေပူရေအေးစက်သွယ်တန်းထားသည့် လျှပ်စစ်ပလပ်ခုံအတွင်း ရေဝင်ပြီး ရှော့(စ်)ဖြစ်ရာမှ ဩဂုတ် ၁၂ရက် ည ၁၀နာရီက ဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကိုကိုဦးဆောင်၍ သန္တေမီးသတ်တပ်ဖွဲ့ဝင် ၁၁ဦး၊ အရန် မီးသတ်တပ်ဖွဲ့ဝင် ၁၅ဦး တို့သည် မီးငြိမ်းသတ်ယာဉ်များ၊ မီးသတ်ရေသယ်ယာဉ်များဖြင့် သွားရောက်၍ ဟိုတယ်ရှိ DCP 3kg မီးသတ်ဆေးဘူး သုံးဘူး အသုံးပြု၍ ငြိမ်းသတ်ခဲ့သည်။

မီးလောင်မှုကြောင့် ရေပူ၊ ရေအေးစက်၊ မီးပလပ်ခုံနှင့်ဝါယာကြိုးများမီးလောင်ပျက်စီးခဲ့သဖြင့် မီးလောင်လွယ်စေတတ်သော အရာဝတ္ထုများအား ပေါ့ဆစွာ သုံးစွဲသူ ဟိုတယ်တာဝန်ခံအား ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(ဝ၅၇)

ဝ-ဝ-ဝ-ဝ-ဝ

# အင်္ဂပူမြို့နယ်တွင် စစ်မှုထမ်းဆောင်ရန် အသက်ပြည့်သူများ၏ နေအိမ်တိုင်းကို ငွေကျပ်တစ်သိန်းခွဲအထိ တောင်းယူနေကြောင်း သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၃

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် သပြေကျေးရွာအုပ်စုတွင် အသက် ၁၈ နှစ်မှ ၃၅ နှစ်အတွင်း စစ်မှုထမ်းဆောင်ရန် အသက်ပြည့်မီသူများ၏ နေအိမ်တိုင်းကို ငွေကျပ်တစ်သိန်းခွဲအထိ အုပ်ချုပ်ရေးမှူးက တောင်းယူနေကြောင်းကို တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေ နေလျက်ရှိသည်ကို တွေ့ရှိရသည်။




အဆိုပါသတင်းနှင့် ပတ်သက်၍ မှန်ကန်မှုမရှိကြောင်းနှင့် စစ်မှုထမ်းဆောင်ရန်အတွက် ဆင့်ခေါ်ရာတွင် ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီသာ ဆောင်ရွက်လျက်ရှိကြောင်း၊ မည်သည့် အကြောင်းနှင့်မျှ ငွေကြေးတစ်စုံတစ်ရာကောက်ခံရန် ညွှန်ကြားထားခြင်းမရှိကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ ဆက်သွယ်မေးမြန်းနိုင်သည့် ဖုန်းနံပါတ်များကိုလည်း ပြည်သူများ သိရှိစေရန် ထုတ်ပြန်ထားရှိကြောင်းနှင့် တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူလူထု အထင်အမြင် လွဲမှားစေရန် လုပ်ကြံရေးသား ဝါဒဖြန့်ခြင်းသာ ဖြစ်ကြောင်း မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၁၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဩဂုတ် ၁၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "မိန်းမရိုင်း" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ကရင်ပြည်နယ် ဘားအံမြို့နယ်နေ အိစန္ဒာခိုင်အား နံနက် ၄ နာရီ ၂၅ မိနစ်တွင်လည်းကောင်း၊ "Yair Yint Aung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်နေ ရဲရင့်အောင်(ခ) ကိုရဲအား မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ "Moe Moe (Moe Moe Bago)" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးမြို့နယ်နေ မိုးသီတာအေး(ခ)သီတာအား မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ "Thant Chit Win" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ သန်းငွေး(ခ) အငယ်လေး(ခ)မိစံအား မွန်းလွဲ ၃ နာရီ မိနစ် ၂၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်း အသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ကျေးရွာတွင်းလမ်းများ ပြုပြင်ဖောက်လုပ်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ကျေးရွာများ၏ ရွာတွင်းလမ်းများ ပြုပြင်ဖောက်လုပ်ပေးနေမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ကုန်းတန်းကြီးကျေးရွာအဝင်လမ်း ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ဖျောက်ဆိပ်ပင်ကန် အမှတ် (၁)၊ (၂)၊ (၃) ပြုပြင်တူးဖော်နေမှု၊ အရှေ့ဖွားစောကျေးရွာအဝင်မှ ဇယဝေရီကန်သို့ သွားသောလမ်း ဂျင်းကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် အနောက်ဖွားစောကျေးရွာ အဝင်လမ်း ဂျင်းကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆောလျင်စွာ ပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်း အရည်အသွေး ပြည့်မီစေရေးနှင့် လမ်းရေရှည်ကောင်းမွန်စေရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားကာ ကျေးရွာနေပြည်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ဇယဝေရီကန်အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ညောင်ဦးမြို့နယ် သူငွေးကန်ကျေးရွာ၌ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော စက်ချုပ်သင်တန်းမှ သင်တန်းသူများ၊ ဒေသခံပြည်သူများ၊ ကျေးရွာတောင်သူများနှင့် တွေ့ဆုံ၍ သင်တန်းပြီးဆုံးပါက အမှန်တကယ် လုပ်ငန်းလုပ်ကိုင်လိုသူများကို လုပ်ငန်းသုံးပစ္စည်းများ မတည်ရင်းနှီးပေးမည်ဖြစ်ကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားကာ ဒေသခံပြည်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ညောင်ဦးမြို့ရှိ သမဝါယမအသင်းစုပိုင် အနော်ရထာဆီစက်သို့ ရောက်ရှိပြီး ညောင်ဦးခရိုင်အတွင်းရှိ ဆီထွက်သီးနှံစိုက်တောင်သူများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ဆီထွက်သီးနှံစိုက်ပျိုးသူများကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မျိုး၊ ဓာတ်မြေဩဇာ၊ သွင်းအားစုများ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ထွက်ရှိလာသော သီးနှံများအား ဈေးကွက်ရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း၊ သမဝါယမချေးငွေများ၊ မြစိမ်းရောင်စီမံကိန်းမှ ချေးငွေများဖြင့် ပံ့ပိုးဆောင်ရွက်လျက်ရှိကြောင်း၊ ချေးငွေများ၊ ထောက်ပံ့ငွေများကို သီးနှံပေါ်ပါက သတ်မှတ်ကာလအတွင်း အပြေအကျေပေးသွင်းကြရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားပြီး ဒေသခံတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ အနော်ရထာဆီစက်လည်ပတ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ညောင်ဦးမြို့နယ် မြင်းကပါ ခေတ်မီစံပြကျေးရွာအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျေးရွာတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးကာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက မြင်းကပါ ကျေးရွာအတွက် ခေတ်မီစံပြကျေးရွာထူထောင်ခြင်းစီမံကိန်း(Smart Village) ရန်ပုံငွေကျပ်သိန်း ၆၀၀၊ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ရေးစီမံကိန်း (RBF) ရန်ပုံငွေ ကျပ်သိန်း ၃၀၀ နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀ ကို ကျေးရွာကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်ပြီး ကျေးရွာတွင်းလမ်း ဂျင်းကျောက်ခင်းခြင်းပြီးစီးမှုနှင့် အုတ်စီရေမြောင်း ပြုလုပ်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပုဂံမြို့သစ်မှ နတ်ကြို့အိုင် ကျေးရွာအဝင်လမ်းပေါ်ရှိ ရေကျော်တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျေးရွာလမ်းကော်မတီဝင်များနှင့် ဒေသခံပြည်သူအားလုံး လမ်းရေရှည်ကောင်းမွန်စေရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)တွင် လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၁၃**

အနာဂတ်၏ လူငယ်များ ထူးချွန်ထက်မြက်၍ ဗလငါးတန်နှင့် ပြည့်စုံပြီး အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၊ လူငယ်ရေးရာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)နှင့် အားကစားနှင့်ပညာရေး ပေါင်းစပ် အခြေခံပညာအထက်တန်းကျောင်းတို့ ပူးပေါင်းကျင်းပသော "လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲ"ကို ယနေ့ နံနက် ၉နာရီခွဲက အားကစားနှင့် ကာယပညာဦးစီးဌာန ကြက်တောင်ခန်းမ၌ ကျင်းပပြုလုပ်သည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး၊ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး) ကျောင်းအုပ်ကြီး(ညွှန်ကြားရေးမှူး) ဦးမြင့်ခိုင်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီးနောက် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းညိုက "တိုင်းရင်းသား မျိုးနွယ်စုကြီး(၈) ခု"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းခိုင်က "ခေါင်းဆောင်မှုသဘောတရား"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ လူငယ်ရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦးက "လူငယ်နှင့်ခေါင်းဆောင်မှု"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်စိမ်းဝင်းက "လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေး"ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဆွေးနွေး ဟောပြောခဲ့ကြသည်။

အဆိုပါ ဟောပြောပွဲသို့ မန္တလေးတိုင်းဒေသကြီး၊ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)ကျောင်းအုပ်ကြီး(ညွှန်ကြားရေးမှူး) ဦးမြင့်ခိုင်နှင့် နည်းပြဆရာ၊ ဆရာမများ၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းညိုနှင့် ဝန်ထမ်းများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းခိုင်၊ အားကစားနှင့် ပညာရေးပေါင်းစပ်အခြေခံပညာ အထက်တန်းကျောင်း၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်းအင်အား (၃၄၈)ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(ချမ်းမြေ့)

## ပြည်ပကို ဆန်နှင့် ဆန်ကွဲတန်ချိန် (၅)သိန်းကျော် တင်ပို့နိုင်ခဲ့ပြီး မနှစ်ကထက် မြင့်တက်လာ

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်စ ပထမ ၄လတာကာလအတွင်းမှာ ပြည်ပကို ဆန်နှင့် ဆန်ကွဲတန်ချိန် သိန်း ၅၁၀၀၀၀ကျော် တင်ပို့ခဲ့ပြီး တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၂၅၆ သန်း ရရှိခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

လအလိုက် ဆန်နှင့်ဆန်ကွဲ တင်ပို့မှုမှာ ဧပြီလမှာ တန်ချိန် ၁၁၁၈၆၂ တန် တင်ပို့မှုမှာ ဒေါ်လာ ၅၅သန်း၊ မေလမှာ တန်ချိန် ၇၁၂၇၉ ဒသမ ၅တန် တင်ပို့မှုမှာ ဒေါ်လာ ၃၆သန်း၊ ဇွန်လမှာ တန်ချိန် ၁၆၂၃၂၅ ဒသမ ၇၅ တန် တင်ပို့မှုမှာ ဒေါ်လာ ၈၄သန်း၊ ဇူလိုင်လမှာ တန်ချိန် ၁၆၅၄၄၀ ဒသမ ၃တန် တင်ပို့မှုမှာ ဒေါ်လာ ၈၁သန်း ရရှိခဲ့သည်။**(အောက်ပုံ)**

ယခင် ဘဏ္ဍာနှစ်တုန်းက ဧပြီလမှ အောက်တိုဘာလအထိ ၇လအတွင်း ဆန်နှင့် ဆန်ကွဲ တင်ပို့နိုင်မှုပမာဏမှာ တန်ချိန် ၅ သိန်းကျော်သာရှိခဲ့တာကြောင့် ယခုဘဏ္ဍာနှစ်နဲ့ နှိုင်းယှဉ်ပါက ယခုနှစ်မှာ ပြည်ပတင်ပို့မှုမြင့်တက်လာတာဖြစ်သည်။

"ခုဘဏ္ဍာနှစ်မှာ ပြည်ပတင်ပို့မှု ပိုမြင့်ပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လဆို တန်ချိန်အများဆုံး ပို့နိုင်တယ်။ မနှစ်က ၇လလောက်မှ တန်ချိန် ၅သိန်းကျော်ပို့နိုင်တာကို ခုနှစ်ကျ လေးလနဲ့ အဲ့ဒီနှုန်းလောက်ပို့နိုင်တဲ့ အခြေအနေပေါ့။ အခု ပို့ကုန်ရငွေလည်း ဖြေလျှော့ပေးလာတော့ တန်ချိန်ပိုပြီးပို့နိုင်မယ့် အလားအလာရှိပါတယ်"ဟု ဆန်ကုန်သည်တစ်ဦးက ပြောသည်။

ယခု ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ်မှာ ပြည်ပကို ဆန်နှင့်ဆန်ကွဲ တင်ပို့မှု တန်ချိန် ၂ ဒသမ ၅သန်းအထိ တိုးမြှင့်တင်ပို့ပြီး အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်အထိ ရရှိ ရန်မျှော်မှန်းထားသည်။

ဆန်နှင့်ဆန်ကွဲကို ပြည်ပတင်ပို့မှုအနေနဲ့ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားကို အဓိက ပင်လယ်ရေကြောင်းကနေသာ တင်ပို့နေရပြီး နယ်စပ်ကုန်သွယ်ရေးက နေတော့ ဆန်တင်ပို့မှု ရပ်နေသည်။

၂၀၂၃-၂၀၂၄ခုနှစ် ဘဏ္ဍာနှစ်မှာ ပြည်ပကို ဆန်တင်ပို့မှု တန်ချိန် ၂သန်းအထိ မျှော်မှန်းခဲ့သော်လည်း တန်ချိန် တစ်သန်းကျော် သာတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

**(ရွှေမန်း)**




- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

MANDALAY





# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် သမိုင်းဝင် ရှင်အရဟံသိမ်တော်များတွင် ကိန်းဝပ်အပူဇော်ခံထားသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်များအား သွားရောက်ဖူးမြော်ကြည်ညို

**မန္တလေး ဩဂုတ် ၁၃**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး အနော်ရထာမင်းလက်ထက် မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာတော်ပွင့်လင်းထွန်းကားအောင် ရွက်ဆောင်ခဲ့သော ရှင်အရဟံမထေရ်မြတ်ဦးဆောင်၍ သမုတ်ခဲ့သည့် သိမ်တော်ကြီး ၂၇ လုံးအနက် မန္တလေးမြို့ရှိ နေထွက်သိမ်တော်၊ မွန်းတည့်သိမ်တော်၊ နေဝင်သိမ်တော်နှင့် သန်းခေါင်ယံသိမ်တော်များသို့ သွားရောက်ပြီး ကိန်းဝပ်အပူဇော်ခံထားသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဖူးမြော်ကြည်ညိုကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုသိမ်ကြီးမြို့နယ်၊ ဘိုတကက်ကုန်းရွာရှိ နေထွက်သိမ်တော်သို့လည်းကောင်း၊ ၎င်းနောက် ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ရှိ မွန်းတည့်သိမ်တော်သို့လည်းကောင်း၊ ဆက်လက်၍ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ရှိ နေဝင်သိမ်တော်သို့လည်းကောင်း၊ ၎င်းမှ ပြည်ကြီးတံခွန်မြို့နယ်၊ ပြည်ကျောင်းတိုက်အတွင်းရှိ သန်းခေါင်ယံသိမ်တော်သို့လည်းကောင်း သွားရောက်ကြပြီး သိမ်တော်များတွင် ကိန်းဝပ်အပူဇော်ခံထားသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဖူးမြော်ကြည်ညိုကာ ရောင်ခြည်တော်ဖွင့်ပူဇော်၍ ဆီမီး၊ ရေချမ်းများ ကပ်လှူကြပြီး သိမ်တော်များ၏ပရိဝုဏ် အတွင်း၊ အပြင်များကို လှည့်လည်ကြည့်ရှုကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က သန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် ပြုပြင်ရန် လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြား၍ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ သိမ်တော်များသို့ ရောက်ရှိစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းထိုင်ဆရာတော်များအား ဖူးမြော်ပြီး သိမ်တော်များနှင့်



စပ်လျဉ်း၍ ဩဝါဒများခံယူကာ ဆရာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)





# (၁၀၁)နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ် ကုသိုလ်ကောင်းမှုပြုပွဲ ကျင်းပ



**စစ်ကိုင်း ဩဂုတ် ၁၃**

စစ်ကိုင်းမြို့နယ်၊ ရွာသစ်ကြီးပြည်တော်သာရွာနေ ဆရာမကြီး ဒေါ်ကြည်ဆင့်၏(၁၀၁)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် ကုသိုလ်ကောင်းမှုပြုပွဲကို ဩဂုတ် ၉ ရက် နံနက် ၇ နာရီက ပြည်တော်သာရွာနေ ဆရာမကြီး၏ နေအိမ်၌ ကျင်းပသည်။

ရှေးဦးစွာ မွေးနေ့ရှင်ဆရာမကြီးက နေအိမ်ရှိ ဗုဒ္ဓဆင်းတုတော်မြတ်အား ဆွမ်း၊ ရေချမ်း၊ ပန်းကပ်လှူပြီး မွေးနေ့ရှင်ဆရာမကြီးနှင့် တပည့်ဟောင်းများဖြစ်ကြသော စစ်ကိုင်းရွာသစ်ကြီး အမက၊ အလက၊ အထကနှင့် သီဟအလွတ်ပညာသင်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ရွာသစ်ကြီး ပြည်တော်သာရွာ ဝါဆိုကျောင်းဆရာတော် ဘဒ္ဒန္တ ဥက္ကံသထံမှ သီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ဖတ်ပူဇော်သော ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် မွေးနေ့ရှင် ဆရာမကြီးက ပြည်တော်သာနှင့် ကိုင်းပြင်ကျေးရွာအုပ်စုများမှ ပင့်ဖိတ်ထားသော သံဃာတော်၃၂ ပါးတို့အား နေ့ဆွမ်းဆက်ကပ်ပြီး တစ်ပါးလျှင် နဝကမ္မငွေကျပ်တစ်သောင်းစီနှင့် သကင်္န်းအစရှိသော လှူဖွယ်များ လောင်းလှူကြသည်။

ယင်းနောက် လှူဒါန်းမှုအစုစုတို့အတွက် ဝါဆိုကျောင်းဆရာတော်ထံမှ အနုမောဒနာတရား နာယူကြည်ညိုကြပြီး အခမ်းအနားတက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများ စုပေါင်း၍ မွေးနေ့ရှင်ဆရာမကြီးအား ကျန်းမာရေးအတွက် ငွေသား ကျပ်သိန်းနှစ်ဆယ်ကျော်နှင့် အသုံးအဆောင်ဆေးဝါးပစ္စည်းများဖြင့် ပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (ဝ၅၁)

# ဒုတိယဝန်ကြီး ဒေါ်နုမြဇံ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းမှု လှည့်လည်စစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန(ယဉ်ကျေးမှု) ဒုတိယဝန်ကြီး ဒေါ်နုမြဇံသည် ယမန်နေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသရှိ ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခြင်း၊ ရှေးဟောင်းဘုရားများရှိ ချုံနွယ်ပိတ်ပေါင်းများကို ဇရိယာ ၁၁ ပိုင်း ပိုင်းခြား၍ ရှင်းလင်းဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ ဒုတိယဝန်ကြီးသည် ရှေးဟောင်း အဆောက်အအုံ အမှတ်(၁) ရွှေစည်းခုံဘုရားတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရွှေသင်္ကန်းကပ်လှူမှုအခြေအနေ၊ ကျောက်သပိတ်များ သန့်စင်၍ ကြံ့ခိုင်မှုထိန်းသိမ်းခြင်း၊ ရှေးဟောင်းသဲကျောက် ကြမ်းခင်းများ ပေါ်လွင်စေရန် ဆောင်ရွက်ခြင်း၊ ကျန်စစ်သားမင်း အဌာပူဇော်ကျောက်စာတိုက် ဆေးပြန်သုတ်ခြင်း၊ ကြေးကူတိုက်လေးလုံး၏ အပြင်ပတ်လည်တွင် စကျင်ကျောက်ခင်းခြင်းစသည့် ပြုပြင်ထိန်းသိမ်းမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ရှေးဟောင်း အဆောက်အအုံ အမှတ်(၂၃၅) သိကြားပုန်းဘုရားသို့ ရောက်ရှိပြီး ဘုရားလိုဏ်အတွင်းရှိ ရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ဘုရားချဉ်းကပ်လမ်း(ဂျင်းရောမြေ) ဖောက်လုပ်နိုင်ရေး စီမံဆောင်ရွက်ထားမှုနှင့် အိန္ဒိယနိုင်ငံ အစိုးရအကူအညီဖြင့် Archaeological Survey of INDIA (ASI) ပြုပြင်ထိန်းသိမ်းခဲ့သည့် လုပ်ငန်းများကို လှည့်လည်စစ်ဆေးသည်။

ထို့နောက် ပုဂံမြို့ လောကနန္ဒာစာသင်တိုက်သို့ သွားရောက်ပြီး လောကနန္ဒာ စာသင်တိုက် ဆရာတော် ဘဒ္ဒန္တ မေဃိယအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ သာသနာရေး ဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ သဗ္ဗညုဘုရားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိသည့် ရှေးဟောင်းအဆောက်အအုံအမှတ်(၁၅၉၇) သဗ္ဗညုဘုရား ပြုပြင်ထိန်းသိမ်းခြင်းနှင့် တူးဖော်သုတေသနပြုခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် လောကဥဿျောင်ဘုရားတွင် သံပန်း၊ သံတံခါး၊ သံဆန်ခါ တပ်ဆင်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက နံရံဆေးရေး ပန်းချီများသည် တန်ဖိုးကြီးမားပြီး ရှားပါးသော ယဉ်ကျေးမှုအမွေအနှစ်များဖြစ်ပါကြောင်း၊ ခိုလင်းနို့ငှက်များကြောင့် နံရံဆေးရေးပန်းချီများ ပျက်စီးစေနိုင်သည့်အတွက် ဘုရားလိုဏ်အတွင်းသို့ ဝင်ရောက်ခိုလှုံခြင်း မရှိရန် သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားပြီး ဇရိယာအလိုက် သန့်ရှင်းရေးဆောင်ရွက်မှုနှင့် ကန္တာရဆူးပင်ငုတ်များ ရှင်းလင်းဖယ်ရှားဆောင်ရွက်နေသည့် လုပ်ငန်းခွင်သို့ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

**မှာကြား**

ထို့နောက် ရှေးဟောင်း အဆောက်အအုံ အမှတ်(၁၈၁၂) ထီးလိုမင်းလိုဘုရားတွင် နိုင်ငံတော်အကြီးအကဲ လှူဒါန်းမှုဖြင့် ဆောင်ရွက်နေသော အာရုံခံ အရပ်လေးမျက်နှာနှင့် အပေါ်ထပ်ရှိ ဆင်းတုတော် ကိုးဆူ ရွှေသင်္ကန်းပြန်လည်ကပ်လှူ ဆောင်ရွက်မှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး ရုပ်ပွားတော် မြတ်ကြီးများကို ရေရှည်တည်တံ့နိုင်ရန် လိုအပ်သည့်အကာအရံများ၊ အသိပေးဆိုင်းဘုတ်များ၊ ငှက်တိရစ္ဆာန်များ ဝင်ရောက်မှုမရှိစေရေး စီမံဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ထီးလိုမင်းလိုဘုရားပရဝဏ်အတွင်း ရင်ပြင်တော် အုတ်ခုံနှင့် စေတီပတ်လျှောက်လမ်းအကြားသဲကျောက်ပြား လျှောက်လမ်းခင်းခြင်းနှင့် ဘုရားချဉ်းကပ်လမ်း(ဂျင်းရောမြေ) ဖောက်လုပ်နိုင်ရေး စီစဉ်ထားမှုတို့ကို ကြည့်ရှုစစ်ဆေး၍ ဘုရားဖူးအများပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး မိုးရွာသွန်းမှုမများမီ လမ်းပြုပြင်ပြီးစီးအောင် ဆောင်ရွက်နိုင်ရေး ဌာနအချင်းချင်း ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားရန်၊ ရေရှည်ကြံ့ခိုင်စေရေး စနစ်တကျဆောင်ရွက်သွားရန် မှာကြားကြောင်း သိရသည်။

သတင်းစဉ်

## ကျောက်ချောလမ်းခင်းခြင်းဆောင်ရွက်

**ကျွန်းလှ ဩဂုတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ် တိုင်းဒေသကြီး ထောက်ပံ့ရန်ပုံငွေဖြင့် ပိတောက်မြိုင် ရပ်ကွက်၊ သုံးပန်လှလမ်း၌ ကျောက်ချောလမ်းခင်းခြင်း ဆောင်ရွက်ခဲ့သည်။

ထိုကျောက်ချောလမ်း အရှည် ၇၅၀ ပေ၊ အကျယ် ၁၄ ပေ၊ ထု ၉ လက်မကို ခွင့်ပြုရန်ပုံငွေကျပ် ၁၈ဒသမ၇၅၀သန်းဖြင့် ကျွန်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး ထောက်ပံ့ရန်ပုံငွေဖြင့် ကတ္တရာလမ်း(၂)လမ်း၊ ကျောက်ချောလမ်း (၄)လမ်း၊ ကွန်ကရစ်တံတား ငါးစင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ရပ်ကွက်များအတွင်း ရေစီးရေလာကောင်းမွန်ပြီး ရပ်ကွက်များ ပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ ရာသီမရွေး သွားလာရေး အဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)(၄၈၀)



## ကျောင်းကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကျင်းပ

**အောင်လံ ဩဂုတ် ၁၃**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အထက(၁)ရှေ့ ကျောင်းအားကစားကွင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဘင်ခရာအဖွဲ့၊ ပန်းပွားအဖွဲ့နှင့် အားကစားသမားများ ချီတက်နေရာယူခဲ့ပြီး ဘင်ခရာအဖွဲ့မှဦးဆောင်၍ နိုင်ငံတော်အလံအား အလေးပြုခြင်းနှင့် ပန်းပွားအဖွဲ့တို့မှ ဖျော်ဖြေခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ အောင်လံခရိုင် ပညာရေးမှူးမှ အဖွင့်အမှာစကား ပြောကြားပေးခဲ့ပြီး အခမ်းအနား အပြီးတွင် ဘင်ခရာအဖွဲ့မှ ဦးဆောင်၍ အားကစားသမားများ ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာခဲ့ရာ အလောင်းဘုရားအသင်းနှင့် ဘုရင့်နောင်အသင်းတို့ ဖွင့်ပွဲကို စတင် ကစားခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

အာကာ(ပြန်/ဆက်)



## ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးစပါး ၂၃၀၇၁ ဧက စိုက်ပျိုးပြီးစီး

**ကျွန်းလှ ဩဂုတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါး စိုက်ပျိုးရန် ၃၄၀၉၇ ဧက လျာထားပြီး လက်ရှိအချိန်ထိ ၂၃၀၇၁ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

"ကျွန်းလှမြို့နယ်မှာ စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပြီး ဒီနှစ် မိုးစပါးစိုက်ပျိုးဖို့ ချောင်းပိတ်၊ မြောင်းပိတ်၊ မြေအောက်ရေ တင်ကာ တောင်သူတွေ စိုက်နည်းစနစ်မျိုးစုံနဲ့ စိုက်ပျိုးနေကြပါတယ်။ မိုးစပါးကို ဇူလိုင်လမှာ စတင်စိုက်ပျိုးကြရာ ယနေ့အထိ ၂၃၀၀၀ ကျော်စိုက်ပျိုးပြီးဖြစ်ပါတယ်။ ဆက်လက်စိုက်ပျိုးနေကြပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

မိုးစပါးတစ်ဧက အထွက်နှုန်းကောင်းစေရန်အတွက် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ဓာတ်မြေဩဇာ အချိန်ကိုက်အချိုးကျ သုံးစွဲရေး၊ ပိုးမွှားရောဂါကာကွယ်ရေးနှင့် စိုက်ပျိုးရေးနည်းပညာများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ကွင်းတာဝန်ခံများက တောင်သူများနှင့်တွေ့ဆုံ၍ ကွင်းဆင်းအသိပညာပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်တွင် မိုးစပါး စိုက်ပျိုးရာ၌ အရည်သွေးကောင်း၊ အထွက်ကောင်း စပါးမျိုးဖြစ်သည့် ဧရာမင်းစပါးမျိုးကို အဓိက စိုက်ပျိုးကြပြီး ယခင်နှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ၃၄၀၉၃ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧက ၇၃ ဒသမ ၅၉ တင်းထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(ခဲပုံ)

(၄၈၀)



သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ။






## ဆံပင်သန်စွမ်းစေတဲ့ မက်ကဒေးမီးယားအဆီ

မက်ကဒေးမီးယား (မြန်မာအခေါ် ချောကလက်သီး)ဟာ စားရတာလည်း အရသာရှိတဲ့အပြင် ဈေးလည်းကြီးပါတယ်။ မက်ကဒေးမီးယား အစေ့အရသာဟာစိမ့်ပြီး ကျွတ်ဆတ်ဆတ် အရသာရှိပြီး အာဟာရတန်ဖိုးများစွာပါဝင်တာကြောင့် ကြိုက်နှစ်သက်သူများပါတယ်။ မက်ကဒေးမီးယားအစေ့ကို အများအားဖြင့် ရေနွေးနဲ့ပေါင်းလှော်ပြီးစားလေ့ရှိကြပြီး မက်ကဒေးမီးယားအစေ့ကို အဆီထုတ်လုပ်သုံးစွဲမှုကတော့ နည်းပါးနေပါသေးတယ်။ မက်ကဒေးမီးယားအဆီဟာ ဆံပင်သန်စွမ်းကျန်းမာဖို့အတွက် အလွန်ကောင်းမွန်တဲ့ အဆီတစ်မျိုးဖြစ်ပါတယ်။ မက်ကဒေးမီးယားအဆီဟာ ဆံသားပျက်စီးပြီး အဖျားနှစ်ခွဖြစ်တာတွေကို သက်သာစေပြီး ခြောက်သွေ့နေတဲ့ ဆံသားတွေကို ပြန်လည်စိုပြည်လာစေနိုင်ပါတယ်။ ဒါ့အပြင် ဆံပင်အလှပြုပြင်ခြင်းကြောင့် ဆံသားပျက်စီးခြင်းကို ကာကွယ်တားဆီးပေးပြီး သဘာဝအတိုင်း ဆံပင်ဖြောင့်စင်းစေနိုင်ပါတယ်။ နောက်ထပ်ထူးခြားချက်တစ်ခုက မက်ကဒေးမီးယားအဆီမှာ SPF-6 ပါဝင်တာကြောင့် နေရောင်ခြည်ကြောင့် ဆံသားပျက်စီးခြောက်သွေ့ခြင်းကို ကာကွယ်ပေးနိုင်ပါတယ်။ မက်ကဒေးမီးယားအဆီကို ခေါင်းလျှော်ကာစအချိန်မှာ ခေါင်းလိမ်းဆီထဲ အနည်းငယ်ရောပြီး လိမ်းပေးခြင်းအားဖြင့် ဆံသားခြောက်သွေ့ပျက်စီးခြင်းကို ကာကွယ်ပေးနိုင်ပါတယ်။

Daisy

## မိုးရွာနေလည်း အဝတ်လေးတွေ မွှေးမွှေးလေးဖြစ်နေဖို့

မိုးစက်တွေကို သဘောကျပြီး မြေသင်းနံ့ကို နှစ်ခြိုက်တဲ့ မိုးရာသီ ချစ်သူတစ်ယောက်ဆိုရင် အဝတ်သေချာမခြောက်တာ၊ ဖားဉစွဲပြီး မှိုနံ့ထွက်တာကြောင့် စိတ်ညစ်ရမယ်ထင်ပါတယ်။ မိုးကိုကြိုက်တယ်ဆိုရင် အဝတ်အစားတွေကိုတော့ နေနံ့လေးနဲ့ ခြောက်သွေ့မွှေးပျံ့နေစေချင်ကြပါတယ်။ ဒါကြောင့် မိုးတွင်းမှာ အဝတ်အစားတွေ မှိုနံ့မထွက်ဘဲ မွှေးပျံ့နေဖို့အတွက် အလွယ်တကူ လိုက်လုပ်လို့ရတဲ့ နည်းလမ်းတွေကို ဖော်ပြသွားပါမယ်။


**(၁)လျှော်ဖွပ်ရာမှာ ဒါတွေသုံးပါ။**

မိုးမိလာလို့ အဝတ်တွေစိုလာတဲ့အခါ ချက်ချင်းမလျှော်ဘဲ အဝတ်လျှော်ခြင်းထဲ ထည့်ထားမိတတ်ပါတယ်။ ဒီလိုပြုလုပ်ခြင်းက လျှော်ပြီးပြီဆိုရင်တောင် အဝတ်တွေက အနံ့အသက်မကောင်းဘဲ ကျန်နေတတ်ပြီး မှိုလည်း စွဲတတ်တာကြောင့် မိုးစိုလာတဲ့ အဝတ်တွေကို ချက်ချင်းလျှော်ဖွပ်ဖို့ လိုအပ်ပါတယ်။ လျှော်ဖွပ်ပြီးတဲ့အခါ အဝတ်ပျော့ဆီ(အမွှေးဆီ)နဲ့ စိမ်ထားခြင်းက ပုံမှန်အချိန်တွေမှာ သိပ်မထူးခြားဘူးလို့ ထင်ရပေမယ့် မိုးစိုတဲ့ အဝတ်တွေကို အနံ့ကောင်းစေဖို့တော့ ထိထိရောက်ရောက် ကူညီပေးပါတယ်။ ထိနိုက်ယားယံလွယ်တဲ့ အရေပြားရှိသူတွေဆိုရင် အရည်အသွေးစိတ်ချရတဲ့ အမွှေးဆီကို သင့်တော်တဲ့ပမာဏပဲ အသုံးပြုဖို့ သတိထားပါ။ ဒါမှမဟုတ် ရှာလကာရည်နဲ့ မုန့်ဖုတ်ဆိုဒါကိုရောပြီး အဝတ်တွေကို စိမ်ပေးခြင်းအားဖြင့်လည်း အနံ့ဆိုးတွေ ကင်းဝေးပြီး အဝတ်တွေ ဖြူဖွေး တောက်ပြောင်နေပါလိမ့်မယ်။ချေးစိုတဲ့ အားကစားဝတ်စုံတွေ၊ရေစုပ်လွယ်တဲ့ တဘက်တွေကိုလည်း မကြာမကြာ လျှော်ဖွပ်ပေးဖို့ လိုအပ်ပါတယ်နော်။

**(၂)အဝတ်လျှော်စက်သန့်ရှင်းရေး**

ဒီလို မိုးရာသီမှာဆို အဝတ်လျှော်စက်အသုံးပြုသူတစ်ယောက်အတွက် လျှော်ပြီးသားအဝတ်တွေကလည်း အနံ့အသက်မကောင်းတာမျိုး၊ သိပ်မပြောင်တာမျိုး ပိုသိသိသာသာ ဖြစ်လာတဲ့အခါ အဝတ်လျှော်စက်ကို သန့်ရှင်းရေး မလုပ်တာကြာပြီလားဆိုတာကိုလည်း ထည့်စဉ်းစားရမယ့်အချက်ဖြစ်ပါတယ်။ မှိုစွဲတာ၊ အမှုန်အမွှားနဲ့ အနယ်တွေ ရှင်းလင်းသွားစေဖို့ အဝတ်လျှော်စက်သန့်ရှင်းရေးကို ပုံမှန်ပြုလုပ်ပေးရမှာပါ။ အဝတ်လျှော်စက်သန့်ရှင်းရေးဆေးရည်တွေ ဝယ်ယူအသုံးပြုလို့ရသလို ရေနွေးနဲ့ ရှာလကာရည်ကိုသုံးပြီးတော့လည်း ဆေးကြောနိုင်ပါတယ်။ အဝတ်လျှော်စက်သုံးပြီးပြီဆို အဖုံး(သို့) တံခါးကို ဖွင့်ထားခဲ့ခြင်းအားဖြင့် အတွင်းပိုင်းခြောက်သွေ့လွယ်တာကြောင့် အနံ့အသက်ကောင်းဖို့ အတိုင်းအတာတစ်ခုအထိ အထောက်အကူပြုနိုင်ပါလိမ့်မယ်။

Daisy



## ညဘက်အိပ်စက်ခြင်းကို အနှောင့်အယှက်ဖြစ်စေတဲ့ အစားအစာများ

ညဘက်အိပ်မပျော်ခြင်းက တစ်နေ့တာလုပ်ငန်းစဉ်ကို အနှောင့်အယှက် ဖြစ်စေရုံမကဘဲ ခေါင်းမကြည် စိတ်ရှုပ်ခြင်းတွေဖြစ်စေပြီး ကျန်းမာရေးပါ ထိခိုက်စေနိုင်ပါတယ်။ အိပ်မပျော်ရတဲ့အကြောင်းရင်းများစွာရှိတဲ့အထဲမှာ အိပ်ရာမဝင်ခင်စားသောက်တဲ့ အစားအစာတွေကြောင့်လည်း ညဘက် အိပ်မပျော်ခြင်းတွေ ဖြစ်စေနိုင်တာကြောင့် ဘယ်အစားအစာတွေက ညဘက်အိပ်မပျော်ခြင်းကို ဖြစ်စေလည်းဆိုတာကို ဖော်ပြလိုက်ပါတယ်။

အစပ်များစွာပါတဲ့အစားအစာပါဝင်တဲ့အစားအစာတွေဟာလည်း ဝမ်းပူ၊ ဗိုက်ရစ်၊ ဗိုက်နာဖြစ်စေပြီး ရေငတ်တာတွေဖြစ်စေတာကြောင့် ညဘက်အိပ်မပျော်ဖြစ်တတ်ပါတယ်။ Alcohol ပါဝင်တဲ့အရက်၊ ဘီယာနဲ့ ကော့တေးတွေကလည်း ညဘက်အိပ်မပျော်ဖြစ်စေတတ်ပါတယ်။ ကော်ဖီမှာ ကဖင်းဓာတ်များစွာ ပါဝင်တာကြောင့် ညဘက်အိပ်ပျော်ဖို့ခက်တဲ့သူတွေကတော့ ညနေပိုင်းလောက်ကတည်းက ကော်ဖီမသောက်တာက ပိုကောင်းပါတယ်။ ချိစ်၊ ချောကလက်နဲ့ အဆီ၊ အစိမ့်များစွာပါဝင်တဲ့ အစားအစာတွေ စားပြီးသွားတဲ့အခါမှာ ရင်ပြည့်ရင်ကယ်၊ အီလည်လည်ဖြစ်တတ်တာကြောင့် ညအိပ်ရာဝင်ခါနီးမှာ အဆီအစိမ့် သရေစာ၊ ဆီကြော်စာတွေကို မစားတာ အကောင်းဆုံးပါပဲ။

Daisy

## အိမ်မှာပဲမျက်နှာအရေပြားအတွင်းပိုင်းထိ Cleansing ပြုလုပ်နည်း

မျက်နှာသန့်ရှင်းဖို့ မနက်တစ်ခါ၊ ညတစ်ခါ မျက်နှာသစ်ဆပ်ပြာနဲ့ မျက်နှာသစ်ပေမယ့်လည်း အပေါ်ယံအရေပြားကိုသာ သန့်စင်ပေးနိုင်တာပါ။မျက်နှာအရေပြား ချွေးပေါက်တွေကြားထဲက အညစ်အကြေးတွေကို ရှင်းထုတ်ဖို့ဆိုရင် Spa တွေမှာ မျက်နှာကြေး(ချေး)ချွတ်သန့်စင်ခြင်း အဆင့်ဆင့်ပြုလုပ်ရပါတယ်။ Spa မှာ သွားလုပ်ဖို့ အဆင်မပြေသူတွေအတွက် အိမ်မှာပဲ မျက်နှာအရေပြားချွေးပေါက်အတွင်းပိုင်းအထိ သန့်ရှင်းရေးပြုလုပ်ဖို့အတွက် နည်းလမ်းကို ဖော်ပြပေးလိုက်ပါတယ်။ လိုအပ်တဲ့ ပစ္စည်းတွေကတော့ မျက်နှာသစ်ဆေး၊ ရေနွေး၊ ဇလုံ၊ မျက်နှာတိုက်တဲ့ Scrub၊ မျက်နှာပေါင်းတင်တဲ့ Mask,Toner နဲ့ Moisture တို့ပဲဖြစ်ပါတယ်။

အရင်ဆုံးမျက်နှာပေါ်က အညစ်အကြေးနဲ့မိတ်ကပ်တွေကို မိတ်ကပ်ဖျက်ဆေးရေ (သို့) Cleansing Water နဲ့ ဖယ်ရှားလိုက်ပြီးရင် မျက်နှာသစ်ဆေးနဲ့ မျက်နှာသစ်လိုက်ပါ။ ဇလုံထဲမှာ ရေနွေးထည့်ပြီးရင် ထွက်လာတဲ့ ရေငွေ့တွေနဲ့ မျက်နှာကို ရေနွေးငွေ့ငါးမိနစ်ခန့်ပေးလိုက်ပါ။ ပြီးရင် Facial Scrubနဲ့ မျက်နှာတစ်ပြင်လုံး လက်နဲ့သုံးမိနစ်ခန့် ပွတ်လိမ်းပေးရင် မျက်နှာပေါင်းတင် Mask နဲ့ ၁၅မိနစ် ပေါင်းတင် ပေးလိုက်ပါ။ အချိန်ပြည့်ပြီဆိုရင် မျက်နှာကို ရေစွတ်ထားတဲ့အဝတ်စနဲ့ ပွတ်တိုက်သန့်စင်ပြီး တိုနာလိမ်းပြီးရင် အစိုဓာတ်ဖြည့်တင်းပေးဖို့ Moisture လိမ်းပေးလိုက်ပါ။ အခုပြောသွားတဲ့နည်းလမ်းအတိုင်း အနည်းဆုံး သုံးလတစ်ခါ ပြုလုပ်ပေးခြင်းအားဖြင့် မျက်နှာအသားအရေ ကောင်းမွန်လာစေမှာ ဖြစ်ပါတယ်။

Daisy



## ခြောက်သွေ့အသားအရေအကြောင်း သိကောင်းစရာ

အသားခြောက်တာ၊ အသားပပ်တာစတာတွေကို လူတော်တော်များများ ခံစားဖူးကြပါလိမ့်မယ်။ အေးတဲ့ခြောက်သွေ့တဲ့ ရာသီမျိုးမှာအဖြစ်များတာ၊အစိုဓာတ်ထိန်း ခရင်မ်တွေလိမ်းရင် သက်သာတယ် ဒါတွေကလူသိများတဲ့ အချက်တွေပါ။ အသားအရေခြောက်သွေ့စေတဲ့ တခြားအကြောင်းအရာတွေနဲ့ ကာကွယ်လို့ရမယ့် နည်းလမ်းတွေကို ဒီတစ်ခေါက်မှာ ဖော်ပြပေးချင်ပါတယ်။

၁။ ရာသီဥတုအေးပြီး ခြောက်သွေ့တဲ့ ရာသီချိန်မျိုးမှာ ပတ်ဝန်းကျင် အပူချိန်လျော့နည်းလာတာ၊စိုထိုင်းမှုနည်းလာတာတွေကြောင့် အရေပြားခြောက်သွေ့ခြင်း ပိုဖြစ်တတ်ပါတယ်။

၂။ ပူနွေးတဲ့ရေကို သုံးပြီး ရေချိုးလေ့ရှိခြင်း၊ တချို့လူတွေက ရေချိုးတဲ့အခါ ရေအကြာကြီး ချိုးတာ ရေအေးအစား ရေနွေး၊ ရေပူတို့ကိုသုံးပြီး ချိုးတတ်တဲ့ အလေ့အကျင့်မျိုးလေးတွေ ရှိတတ်ကြပါတယ်။ ဒီအလေ့အကျင့်က အသားအရေကို ခြောက်သွေ့စေနိုင်ပါတယ်။

၃။ ကလိုရင်း အများအပြားခတ်ထားတဲ့ ရေထဲမှာ ရေကူးခြင်း၊ ရေကူးချိန် ကြာမြင့်ခြင်း။

၄။ အပြင်းစား ဓာတုပစ္စည်းတွေပါတဲ့ ခေါင်းလျှော်ရည်၊ဆပ်ပြာ၊ အစွန်းချွတ်ဆေးစတာတွေက အဆီကို ဖယ်ရှားပစ်ဖို့အတွက် အဓိကနည်းပညာတွေသုံးပြီး ထုတ်လုပ်ထားတာကြောင့် အရေပြားရဲ့ Moisture စိုစွတ်မှုကို လျော့နည်းစေပြီး အသားခြောက်ခြင်းဖြစ်စေတတ်ပါတယ်။

၅။ နှင်းခူ အစရှိတဲ့ အရေပြားရောဂါတချို့ကြောင့်လည်း အသားအရေခြောက်သွေ့တာ ဖြစ်နိုင်ပါတယ်။ဘယ်သူတွေမှာ အသားအရေခြောက်သွေ့ခြင်း ဖြစ်တတ်လဲဆိုတော့ လူတိုင်း အရေပြားခြောက်သွေ့တဲ့ပြဿနာ ဖြစ်နိုင်ပါတယ်။ ပိုအဖြစ်များတတ်တာကတော့ အသက် ၄၀ နဲ့အထက်ရှိသူတွေ ရာသီဥတုအေးပြီး ခြောက်သွေ့တဲ့နေရာတွေ၊ ပတ်ဝန်းကျင် စိုထိုင်းဆနည်းတဲ့ ဒေသတွေမှာ နေထိုင်သူတွေ ရေကူးလေ့ရှိသူ၊ အထူးသဖြင့် ကလိုရင်းအများအပြားခတ်ထားတဲ့ ရေထဲမှာ ရေမကြာခဏ ကူးလေ့ရှိသူတွေရေနဲ့ အရေပြားခဏခဏ ထိတွေ့ရသူတွေ ဥပမာ - Hair Styling လို လုပ်ငန်းခွင်မျိုးမှာ အလုပ်လုပ်သူတွေ ဖြစ်ပါတယ်။

အရေပြားခြောက်သွေ့တာက ယေဘုယျအားဖြင့် အန္တရာယ်ကြီးကြီးမားမား မရှိတတ်ပါဘူး။ ဒါပေမဲ့ ကသိကအောက်ဖြစ်တတ်တာမျိုးအပြင် အရေပြားခြောက်တာကြာလာတဲ့အခါ အရေပြားမှာ ယားယံတာ၊ ပပ်ကြားအက်တာ၊ သွေးထွက်တာ၊ရောဂါပိုးဝင်တာမျိုးတွေ ဖြစ်တတ်ပါတယ်။

Daisy



# စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း စာဖတ်ဝိုင်းဆွေးနွေးပွဲ ပြုလုပ်

**ဇေယျာသီရိ ဩဂုတ် ၁၃**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာပေဖတ်ရှုခြင်းဖြင့် စာပေဝါသနာရှင်များစွာ ပေါ်ထွန်းလာစေရန် စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club) စာဖတ်ဝိုင်း ဆွေးနွေးပွဲကို ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက ပြည်သူ့စာကြည့်တိုက်အတွင်း၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ဇေယျာသီရိမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နွယ်နွယ်အောင်က စာဖတ်ဝိုင်းကျင်းပခြင်းသည် အကျိုးကျေးဇူးများစွာရှိကြောင်းနှင့် စာပေဖတ်ရှုခြင်းဖြင့် ဗဟုသုတပြည့်ဝစေရန်နှင့် စာပေဝါသနာရှင်များစွာ ပေါ်ထွန်းလာစေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခဲ့သည်။ ထို့နောက် နေပြည်တော်စာပေဝိုင်းမှ စာရေးဆရာမ ချယ်ချယ်(YU)၊ စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း(Book Club)အဖွဲ့ဝင် စာရေးဆရာ ရဲမွန်ကျော်နှင့် စာရေးဆရာ စိန်ဝင်းနွယ်တို့က စာရေးဆရာ ခင်စောတင့် ရေးသားသည့် ဘဝအသစ်ရဲ့ အစများ စာအုပ်ပါ မှသားစကား မဆိုချင်ပါ၊ ခလုတ်တိုက်မိတဲ့အခါနှင့် ဘယ်သူမှန်ပါသလဲ ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့် စာပေဝါသနာရှင်များနှင့် ကျောင်းသား၊ ကျောင်းသူများ၏ မေးမြန်းချက်ကို ပြန်လည်ဖြေကြားပေးခဲ့သည်။

ဆွေးနွေးပွဲသို့ စာအုပ်၊ စာစောင် ချစ်မြတ်နိုးသူများအသင်း (Book Club) အဖွဲ့ဝင်များ၊ စာပေချစ်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်-ပြန်/ဆက်)

၀-၀-၀-၀-၀-၀



## အဝေးပြေးယာဉ်ရပ်နားစခန်းအား ကွင်းဆင်းစစ်ဆေး

**အောင်လံ ဩဂုတ် ၁၃**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ တိုးချဲ့ဆောက်လုပ်နေသည့် အဝေးပြေးယာဉ်ရပ်နားစခန်းသို့ အများသုံး သန့်စင်ခန်းများ၊ အဝင်အထွက်ပတ်လမ်း(၂၈၁၀'×၃၀'×၉") ကွန်ကရစ်ခင်းခြင်း ပြီးစီးမှုအခြေအနေများ၊ ကျေးလက်မော်တော်ယာဉ်ရပ်နားရန် တည်ဆောက်နေသည့် (၁၈၀'×၂၀'×၁၆") (Steel structure) အဆောက်အအုံနှစ်လုံး ပြီးစီးမှုအခြေအနေအား ယမန်နေ့ ညနေပိုင်းက အောင်လံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ရှိသူများ၊ အင်ဂျင်နီယာမှူးတို့က ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မျိုးသိန်း(ပြန်/ဆက်)




## နုနုရည်(အင်းဝ)၏ အနီလား၊ အဝါလား၊ အစိမ်းလား ဒုတိယအကြိမ် ထုတ်ဝေဖြန့်ချိ

**မန္တလေး ဩဂုတ် ၁၃**

ဆရာမ နုနုရည်(အင်းဝ)၏ "အနီလား၊ အဝါလား၊ အစိမ်းလား" လုံးချင်းဝတ္ထုရှည်စာအုပ် ဒုတိယအကြိမ်အဖြစ် စိတ်ကူးချိုချိုစာပေမှ ၂၀၂၄ ခုနှစ် ဩဂုတ်လတွင် ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါစာအုပ်မှာ ကျန်းမာရေးအသိပညာပေး ဘဝသရုပ်ဖော်ဖြစ်ပြီး ၁၉၈၉ ခုနှစ်တွင် အားမာန်သစ်စာပေမှ ပထမအကြိမ် ထွက်ရှိခဲ့သော လုံးချင်းဝတ္ထုရှည်လည်း ဖြစ်သည်။ ဆရာမ နုနုရည်(အင်းဝ)သည် ၁၉၈၄ ခုနှစ် မတ်လထုတ် ပေဖူးလွှာမဂ္ဂဇင်းတွင် "ထဘီလေးတစ်ထည်" ဝတ္ထုတိုဖြင့် စာပေလောကသို့ ဝင်ရောက်ခဲ့ပြီး ၁၉၉၃ ခုနှစ် အမျိုးသားစာပေဆုကို "မြစိမ်းပြာကမာရွတ်" လုံးချင်းဝတ္ထုရှည်ဖြင့် ဆုရရှိခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် အာရှစာပေ(The Man Asian Literary Prize)(Five Shortlisted) ဆုအဖြစ် "ပြုံး၍လည်း ကန်တော့ခံတော်မူပါ၊ ရယ်၍လည်း ကန်တော့ခံတော်မူပါ" ဝတ္ထုဖြင့် ရရှိခဲ့ပြီး အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေကာ အင်္ဂလန်နိုင်ငံ လန်ဒန်တက္ကသိုလ် အာရှနှင့် အာဖရိကဘာသာရပ်ဆိုင်ရာ သင်ကြားရေးဌာန(SOAS) ၂၀၁၄ ခုနှစ် ပညာသင်နှစ်မှစတင်၍ သင်ရိုးအဖြစ် ပြဋ္ဌာန်းခဲ့သည်။ ဆရာမ နုနုရည်(အင်းဝ)သည် လုံးချင်းဝတ္ထု ၁၅ အုပ်၊ ဝတ္ထုတိုပေါင်းချုပ် ၈ အုပ် ထုတ်ဝေခဲ့ပြီးဖြစ်သည်။ စာအုပ်မျက်နှာဖုံးကို ဆရာစိန်မြင့်(ရွှေချည်ထိုး)က ရေးဆွဲပေးပြီး ငွေကျပ် ၇၅၀၀ ဖြင့် မန္တလေးစာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူဖတ်ရှုနိုင်ကြောင်း သိရသည်။

(PNT)




ဖတ်စရာ၊ မှတ်စရာ
စုံလင်
ပန်တျာလေး

## ဝဿန်မိုး ဟိုက္ကူ

* ကောက်စိုက်သမ တေးသီ
ကောက်ပင်ပျိုတွေ ယိမ်းကပြီ
ဝဿန် မိုးရာသီ ။

* ကတ္တရာလမ်းပေါ်မှာ
မိုးသီးဖွေးဖွေး လုလွန်းစွာ
မိုးရဲ့ ချစ်ပဏ္ဏာ ။

* မာယာများတဲ့ မိုး
ကမ္ဘာကြီးကို သူစိတ်ဆိုး
လျှပ်လက်မျက်စောင်းထိုး ။

* မိုးစက်နဲ့ နေရောင်
ကောင်းကင်မှာ မင်္ဂလာဆောင်
သက်တံချစ်လက်ဆောင် ။

* နေခြည်ဖြာ လင်းလက်
မိုးစက်အိပ်စက် နှင်းဆီထက်
စိန်ပွင့်လေး နားခိုလျက် ။

* ငွေမြားထံ မိုးစက်
နတ်သမီးရေး ဆေးစုတ်ချက်
ကြာပွင့်ပေါ် ဖျန်းပက် ။ ။

ခင်ဆွေလှိုင်(ပန်းချီ)

## လှူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၁၃**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အသိပညာပေး ဟောပြောပွဲကို အဆိုပါရပ်ကွက် ၅၉လမ်းနှင့်၁၁၆လမ်းထောင့်ရှိ အထကခွဲ(၂၅)၌ ဩဂုတ် ၁၂ ရက် နံနက် ၉ နာရီက ကျင်းပရာ ပြည်ကြီးတံခွန်မြို့နယ်သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲမှူး ကျော်သူထွန်း၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးအောင်သွင်နှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများနှင့် ရပ်ကွက်နေပြည်သူများ စုစုပေါင်းအင်အား ၄၀၀ ခန့် တက်ရောက်ကြသည်။

အသိပညာပေးဟောပြောပွဲတွင် ပြည်ကြီးတံခွန်မြို့နယ် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးက သန်းခေါင်စာရင်းကောက်ယူသည့် ရည်ရွယ်ချက်၊ သမိုင်းကြောင်း၊ ကောက်ယူမည့် အိမ်ထောင်စုမေးခွန်းပုံစံနှင့် အဖွဲ့အစည်းမေးခွန်းများအား အကျယ်အဝင့် အသိပညာပေးဟောပြောကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်သူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြရာ မြို့နယ်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးက ပြန်လည်ဖြေကြားခဲ့သည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသူများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်းစာရင်းကောက်ယူရေးလုပ်ငန်း ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့ အသိပညာပေး ပိုစတာနှင့် လက်ကမ်းစာစောင်များကို အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)(၀၅၃)





## သတင်းပဒေသာ

### လူငယ်ဆိုင်ရာစွမ်းရည်မြင့်မားရေးပြိုင်ပွဲများ ကျင်းပ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဇေယျာသီရိမြို့နယ်၊ ပြည်စံအောင် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအားဖိတ်ခေါ်၍ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် လူငယ်ဆိုင်ရာစွမ်းရည်မြင့်မားရေးပြိုင်ပွဲများကို ဩဂုတ် ၉ရက် နံနက်ပိုင်းက ပြည်သူ့စာကြည့်တိုက်အတွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ဒေသဝက်အကောင်(၅၀)အား မွေးဘဏ်စနစ်ဖြန့်ဖြူးပေးအပ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းတုံခရိုင်၊ မိုင်းတုံမြို့နယ်၊ မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှဦးဆောင်၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဒေသဝက်အကောင်(၅၀) (မွေးဘဏ်စနစ်)ဖြန့်ဖြူးပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီအချိန်က မိုင်းတုံမြို့၊ မြို့မရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးခန်း၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### လူထုအခြေပြုဗဟိုဌာနတွင် စာဖတ်ဝိုင်းဆွေးနွေး

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတ ရရှိစေရန်၊ စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်နှင့် ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်စေရန် ရည်ရွယ်၍ စာဖတ်ဝိုင်းဆွေးနွေးပွဲကို ဩဂုတ် ၆ ရက် မွန်းလွဲပိုင်းက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ကြက်ခြေနီရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းဖွင့်

ရှမ်းပြည်နယ်တောင်ပိုင်း၊ လဲချားမြို့တွင် မြန်မာနိုင်ငံကြက်ခြေနီ အသင်းကျန်းမာရေးဌာန၊ မြို့နယ်ကြက်ခြေနီအသင်းခွဲနှင့် အခြေခံပညာအထက်တန်းကျောင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် ကြက်ခြေနီ ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းအမှတ်စဉ် ၂/၂၀၂၄ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်း

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် ပြည်ကြားရေးနှင့်ပြည်သူဆက်ဆံရေးဦးစီးဌာန (community centre)ခန်းမ၌ ယမန်နေ့ နေလယ် ၁နာရီခွဲက စာဖတ်ရှိန်မြှင့်တင် ရေးပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်း အဝေးကို ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### စာကြည့်တိုက်အဆောက်အအုံအသစ် ဆောက်လုပ်ရန်ဆောင်ရွက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့၊ ယန်းမိုင် ကျေးရွာအုပ်စု၊ ယန်းမိုင်ကျေးရွာတွင် စာကြည့်တိုက်အဆောက် အအုံအသစ် ဆောက်လုပ်ရန်အတွက် မြေနေရာအား ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ခြင်းကို ယမန်နေ့ မွန်းလွဲ ၂နာရီက မြို့နယ် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုကော်မတီ အဖွဲ့ဝင် များ ပူးပေါင်း၍ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကျင်းပ

မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ် စေတနာမွန်ငွေစုငွေ ချေးအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဩဂုတ် ၁၁ရက် နံနက် ၉ နာရီက မြို့နယ်သမဝါယမဦးစီးဌာနရုံးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဝါတွင်းသီလပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ နန်းဦးလွင် ကျေးရွာရှိ နန်းဦးလွင်ဓမ္မာရုံ ဝါတွင်းအပတ်စဉ်သီလပွဲကို ယနေ့ နံနက်က ကျင်းပသည်။

သီလပွဲကုသိုလ်ရှင်မှာ ဒေါ်မြင့်မြင့်အေး၊ ကိုထက်အောင်+ မအိအိခိုင်၊ ကိုအောင်ကျော်ဆင့်+ မထိုက် မိသားစုတို့ဖြစ်ကြသည်။ သီလပေးအနုမောဒနာတရားကို ရန်ကင်းတောင်ခြေ သာမဏေကျော် ပရိယတ္တိစာသင်တိုက်ပဓာနနာယက ဆရာတော်က ချီးမြှင့်ဟောကြား ပေးသည်။ သီလပွဲလာ ကျေးရွာ သူ၊ ကျေးရွာသားများအား အလှူရှင်မိသားစုက ဒံပေါက်ထမင်း၊ အချိုရည်အာဟာရဖြင့် ကုသိုလ်ပြု ကျွေးမွေးလှူဒါန်းကြောင်း သိရ သည်။ **(အပေါ်ပုံ)**

**(ဝ၄၁)**





## ပရဟိတဂေဟာကျောင်းတိုက်ရှိ ကလေးငယ် ၂၀၀ကျော်တို့အား အာဟာရထမင်း၊ ဟင်းများကျွေးမွေးလှူဒါန်း

**မန္တလေး ဩဂုတ် ၁၃**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျိုကုန်း၊ ရဲဘော်ကွက်သစ်ရပ်ကွက်အတွင်းရှိ ပြည်လုံးချမ်းသာတိုင်းရင်းသား မိဘမဲ့ကလေးများစောင့်ရှောက်ရေးပရဟိတဂေဟာကျောင်းတိုက်ရှိ ကလေးငယ် ၂၀၀ကျော်တို့အား နေ့လယ်စာအာဟာရထမင်း ဟင်းများကျွေးမွေးလှူဒါန်းခြင်းကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါကျောင်း၌ ကျင်းပသည်။

အလှူရှင်မန္တလေးမြို့ နန်းရှေ့ရပ်နေ ဦးမောင်ဝင်း+ဒေါ်ဥမ္မာစိုး (သမီး)နန်းရွှေရည် ၂၁နှစ် ပြည့်မွေးနေ့အလှူအဖြစ် မိဘမဲ့ကလေးငယ်များအား နေ့လယ်စာအာဟာရထမင်း၊ ဟင်းများနှင့်ရေခဲမုန့်တို့ဖြင့် ကျွေးမွေးလှူဒါန်းခြင်း၊ ကျောင်းတိုက်ဦးစီးပဓာနနာယက သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်သုမင်္ဂလ (ဓမ္မာစရိယ B.A) ဆရာတော် အမှူးပြုသော သံဃာတော်များအား နေ့ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည် ချီးမြှင့်ပေးအပ်ခဲ့ပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချတရားဟောကြားတော်မူသည်။

ပြည်လုံးချမ်းသာတိုင်းရင်းသားမိဘမဲ့ကလေးများစောင့်ရှောက်ရေးပရဟိတဂေဟာကျောင်းတိုက်သို့ ထာဝရငွေပဒေသာပင်စိုက်ထူလှူဒါန်းလိုပါကလည်းကောင်း၊ တစ်ရက်တာ အာဟာရဒါန(နံနက်၊ နေ့လယ်၊ ညနေ)ကျွေးမွေးလှူဒါန်း လိုပါကလည်းကောင်း၊ အခြားဘက်စုံဖွံ့ဖြိုးရေးအလှူငွေများလှူဒါန်း လိုပါကလည်းကောင်း ဦးစီးပဓာန နာယကဆရာတော် ဖုန်း၀၉-၂၁၁ ၀၅၂၈သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၁)**





## မန္တလေး ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း ဂေါပကအဖွဲ့က စုပေါင်းဘုံဆွမ်းလောင်းလှူ

**မန္တလေး ဩဂုတ် ၁၃**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း၈၀ပေါ်ရှိ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း ဂေါပကအဖွဲ့က ဦးစီး၍ တရုတ်နိုင်ငံကုန်သည်ကြီးများအသင်း(မန္တလေး) နှင့် တရုတ်ကုန်သည်ကြီးများအသင်း (အထက်မြန်မာပြည်) တို့က ဧကဒသမအကြိမ်မြောက် (စတုတ္ထပတ်) စုပေါင်းဘုံဆွမ်းလောင်းလှူပွဲကို ဩဂုတ် ၁၂ ရက် နံနက် ၆ နာရီက လောင်းလှူကြသည်။

ထိုသို့ ဘုံဆွမ်းလောင်းလှူပွဲတွင် ငွေတောင်ကျောင်းတိုက်၊ ကင်းဝန်မင်းကြီးကျောင်းတိုက်၊ ယဉ်ပုံကျောင်းတိုက်နှင့် အကောက်ဝန်ကျောင်းတိုက်တို့မှ သံဃာတော် အရှင်သူမြတ် အပါး ၂၅၀တို့အား ပင့်ဖိတ်၍ ဆွမ်း၊ ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လောင်းလှူကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(ဝ၉၃)**

## မန္တလေးတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အဌမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲ ငွေစာရင်းရှင်းတမ်းဖတ်ကြား၊ အလှူငွေကောက်ခံသူများအားဂုဏ်ပြု

**မန္တလေး ဩဂုတ် ၁၃**

မန္တလေးတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အဌမအကြိမ်ဝါဆိုသင်္ကန်းကပ်လှူပွဲ ငွေစာရင်းရှင်းတမ်းဖတ်ကြားခြင်း၊ အလှူငွေကောက်ခံပေးသူများအား ဂုဏ်ပြုခြင်းနှင့်ကျန်းမာရေး စောင့်ရှောက်မှုကော်မတီသို့ ငွေလှူဒါန်းပွဲကို ဩဂုတ် ၁၁ ရက် နံနက် ၉ နာရီက ချမ်းမြသာစည်မြို့နယ် ရန်ကုန်- မန္တလေးလမ်းရှိ သူရိန်နန်းကိုယ်ပိုင်အထက်တန်းကျောင်းခန်းမတွင် ကျင်းပသည်။



အခမ်းအနားတွင် အဌမအကြိမ်ဝါဆိုသင်္ကန်းကပ်လှူပွဲဖြစ်မြောက်ရေး ကော်မတီနာယက ဦးတင်မောင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ကျောက်ဆည်တက္ကသိုလ်ပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာခင်မောင်ကျော်၊ မန္တလေးတက္ကသိုလ်ရူပဗေဒဌာနပါမောက္ခ (ငြိမ်း) ဒေါက်တာချစ်ရွှေတို့က မုဒိတာစကားများ ပြောကြားကြသည်။ ထို့နောက်ဘဏ္ဍာရေးမှူး ဦးစိုးလွင်က ငွေစာရင်းရှင်းတမ်းဖတ်ကြားသည်။ ဆက်လက်၍ ဘဏ္ဍာငွေကောက်ခံပေးသော ကျောင်းသား၊ ကျောင်းသူဟောင်းများအား အဌမအကြိမ်ဝါဆိုသင်္ကန်းကပ်လှူပွဲဖြစ်မြောက်ရေးကော်မတီမှ အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ မန္တလေးတက္ကသိုလ် ရူပဗေဒမိသားစု လူမှုရေးအဖွဲ့မှ ကျန်းမာရေးစောင့်ရှောက်မှုကော်မတီသို့အလှူငွေများပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)**

**(ကဆ)**

# မိုးဖွဲဖွဲနဲ့ မန္တလေးက အိုးပုတ်ပွဲ

**မန္တလေးမှာ မြန်မာ့ရိုးရာဓလေ့နဲ့ ရာသီအလိုက် နှစ်စဉ်ကျင်းပတဲ့ ပွဲတော်များစွာရှိပါတယ်။ ပွဲလမ်းသဘင်ကို နှံ့မင်ကြတဲ့ မန္တလေးသူ၊ မန္တလေးသားတွေဟာ ဇေထိဆိုလျှင် အဲဒီအသံကြားရာဆီကို ရောက်အောင်သွားကြတာပဲ။ ဥပမာဆိုရရင် သီတင်းကျွတ်မီးထွန်းပွဲ၊ တန်ဆောင်တိုင်ပွဲ၊ ထမနဲပွဲ၊ လှေပြိုင်ပွဲ၊ တောင်ပြုန်းပွဲ၊ ရတနာ့ဂူပွဲ၊ ထန်းရွက်ပုတီးနဲ့ ရွှေစာရံဘုရားပွဲ၊ ကျောက်တော်ကြီးဘုရားပွဲ၊ လမ်းလယ်ဘုရားပွဲတွေအပြင် ရပ်ကွက်တိုင်းမှာ နှစ်စဉ်ကျင်းပလေ့ရှိတဲ့ ဘုရားပွဲစသဖြင့် ပွဲတော်တွေဖြစ်ပါတယ်။**

ခိုင်ဆက်ဝေ

အဲဒီလိုပွဲတွေမှာ ကြီးကြီး၊ ငယ်ငယ်၊ အိုအို၊ ပျိုပျို အရွယ်သုံးပါးမရွေး ပွဲဝါသနာထုံတာနဲ့ အညီ မိသားစုတွေဆိုရင် ကလေးတွေလက်ဆွဲလို့ ဖြစ်စေ၊ သူငယ်ချင်းအပေါင်းအသင်းများနဲ့ဖြစ်စေ၊ ချစ်သူရည်းစား စုံတွဲခုတ်လို့ဖြစ်စေ သွားကြလာကြတယ်။ ပွဲဈေးတန်းထဲက ဈေးဆိုင်မုန့်သမျှ မြန်မာ့ရိုးရာ မုန့်အရောင်းဆိုင်တွေမှာ စားသူ၊ ဝယ်သူ၊ လမ်းလျှောက်သူများနဲ့ စည်ကားတာဟာ မန္တလေးရဲ့ပုံရိပ်၊ မန္တလေးသားတို့ရဲ့ ပွဲတော်ချစ်စိတ် တွေပါပဲ။

တောင်ပြုန်းမင်းနှစ်ပါးရဲ့ တောင်ပြုန်းပွဲကို လာတဲ့သူအများစုဟာ အိုးပုတ်ပွဲ အရောက်လာကြတယ်။ တောင်ပြုန်းမင်းနှစ်ပါးရဲ့ မယ်တော် မယ်ဝဏ္ဏက သူ့သားတော်များရှိရာ တောင်ပြုန်းအလာမှာ ခရီးတစ်ထောက်နားတဲ့ နေရာလို့ ပြောသူက ပြော၊ ၃၇ မင်းနတ်ထဲမှာ အသက်အငယ်ဆုံးကလေးအရွယ် နတ်စာရင်းဝင် မနဲ့လေး ဆော့ကစားခဲ့တာကြောင့် အိုးပုတ်ပွဲဖြစ်လာတယ်လို့ဆိုသူက ဆိုကြတယ်။ ရှေးကတော့ စီးပွားဖြစ်မဟုတ်ဘဲ အိုးပုတ်ကို အပျော်သဘောနဲ့ ရောင်းခဲ့ရာက ခုတော့ စီးပွားဖြစ် အိုးပုတ်ဈေးပွဲဖြစ်လာတော့တယ်။

**ဒြပ်မဲ့ယဉ်ကျေးမှု**

မန္တလေးမှာ သတ်မှတ်ရက်ရောက်တိုင်း ကျင်းပလေ့ရှိတဲ့ ပွဲတော်တွေဟာ ကိုင်တွယ်မပြနိုင်ဘဲ အစဉ်အဆက် ထိန်းသိမ်းလာတာကြောင့် ဒြပ်မဲ့ယဉ်ကျေးမှုလို့ သတ်မှတ်ပါတယ်။ ယဉ်ကျေးမှု အမွေအနှစ်တွေ ထိန်းသိမ်းရာမှာ ဒြပ်ရှိ၊ ဒြပ်မဲ့ယဉ်ကျေးမှု (Tangible and Intangible Culture Heritage) ဆိုတာရှိတယ်။ လက်ဆုပ်လက်ကိုင် ထိတွေ့ပြနိုင်ရင် ဒြပ်ရှိယဉ်ကျေးမှု (Tangible Culture Heritage)၊ လက်ဆုတ်လက်ကိုင် ထိတွေ့မရနိုင်ဘဲ အစဉ်အဆက် ထိန်းသိမ်းခဲ့ကြတဲ့ ယဉ်ကျေးမှုကို ဒြပ်မဲ့ယဉ်ကျေးမှု (Intangible Culture Heritage) လို့ သတ်မှတ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက သိရတယ်။

ဒြပ်မဲ့ယဉ်ကျေးမှု၊ ဒြပ်ရှိယဉ်ကျေးမှုတွေ များပြားစွာရှိတဲ့ ဒေသကို ပြောပါဆိုရင် မန္တလေး ဝန်းကျင်လို့ ပြောရမယ်။ မန္တလေး(ရတနာပုံ) မြို့တည် မင်းတုန်းမင်းကြီးရဲ့ မျိုးစေ့ချပေးတာက လည်း အကြောင်းတစ်ခုဖြစ်ပါတယ်။အကြောင်းကတော့ မန္တလေးရဲ့ရပ်ကွက်တိုင်းမှာ ဓမ္မာရုံတွေနဲ့အတူ ဘုရားပွဲတော်တွေ ကျင်းပလေ့ရှိပြီး ရိုးရာအစဉ်အဆက် ယုံကြည်ချက်တွေနဲ့ ပြုလုပ်လေ့ရှိတဲ့ နတ်ပွဲ၊ မိုးခေါ်လွန်ဆွဲပွဲအပြင် အိုးပုတ်ပွဲဆိုတာတွေဟာ မန္တလေးရဲ့ ယဉ်ကျေးမှုပြယုဂ်တွေပါ။ နှစ်ပေါင်းများစွာ လက်ဆင့်ကမ်းသယ်ဆောင် ထိန်းသိမ်းလာကြတာဖြစ်သလို လက်ဆုပ်လက်ကိုင်ပြမရတဲ့ ရုပ်ဝတ္ထုမဟုတ်တာကြောင့် ဒြပ်မဲ့ယဉ်ကျေးမှုလို့ သတ်မှတ်ပါတယ်။

မန္တလေးကျုံးမြို့ရိုး၏မြောက်ဘက် အိုးဘို (ရွှေကျင်)ရပ်မှာ အခြားမြို့ရွာတွေမှာမရှိတဲ့ ပွဲတော်တစ်ခု ရှိပါတယ်။"အိုးပုတ်ပွဲ" သို့မဟုတ် "အိုးပုတ်ခိုးပွဲ"ဖြစ်ပါတယ်။ အခြားမြို့ရွာတွေမှာ မရှိတဲ့ ပွဲတော်လည်းဖြစ်ပြီး ပွဲတော်ရက်က နှစ်စဉ်ဝါခေါင်လဆန်း ၈ ရက်နေ့ဖြစ်ပါတယ်။ မြန်မာ့လက်မှုပညာနဲ့ ရွှံ့စေးကို ပေါင်းစပ်ပြီး ခိုင်မာအောင် မီးဖုတ်ဆေးချယ်ထားတဲ့ အိုးပုတ်တွေကို ရောင်းချတဲ့ ပွဲတော်ပါ။

တစ်ချိန်က "အိုးပုတ်ခိုးပွဲ"လို့ ဆိုကြတယ်။ ယနေ့မှာတော့ အိုးပုတ်ခိုးတဲ့ ဓလေ့စရိုက်ပျောက်ကွယ်ခဲ့ပြီး "အိုးပုတ်ပွဲ"ဖြစ်လာတယ်။ လက်ဆင့်ကမ်းသယ်ယူလာတဲ့ ပြောစကားများအရ အိုးပုတ်ပွဲက တစ်နှစ်မှာတစ်ရက် ကျင်းပတယ်ဆိုကြပေမယ့် အိုးပုတ်သည်တွေကတော့ ပွဲရက်မတိုင်က တစ်ပတ်လောက်ကတည်းက ကြိုတင်ရောက်လာကြပြီး ဆိုင်ခန်းယူပြီး စတင်ရောင်းချနေကြပါပြီ။

**မိုးရွှဲရွှဲနဲ့ အိုးပုတ်ပွဲ**

ယခင်နှစ်များကတော့ အိုးပုတ်ပွဲရက်မှာ မိုးလွတ်၊ လေလွတ်ဖြစ်ပြီး နေပူပူထဲမှာ ချွေးတပြိုက်ပြိုက်ကျတဲ့ပွဲပါ။ ဒီနှစ်ပွဲတော်ရက်ဖြစ်တဲ့ ဝါခေါင်လဆန်း ၈ရက် မနက်အစောပိုင်း ကတည်းက မိုးနဲ့တွေ့တော့တာပါ။ နေ့လယ်လောက်ထိ မိုးရွာနေတယ်။ အဲဒီနောက် မိုးကောင်းကင် ကြည်လင်လာပြီး ညနေ ၅ နာရီလောက်မှာ အရှေ့တောင်ဘက်ယွန်းယွန်းဆီက အုံ့မည်းလာပြန်ပြီး မကြာမီ ဖြောက်ဖြောက်ကနေ မိုးသည်းလာတယ်။ မြေနဲ့ လုပ်တာဖြစ်တော့ အိုးပုတ်သည်တွေက မိုးကို ကြောက်ကြတယ်။

"ဒီနှစ်မှာ မိုးရွာတာရယ်၊ ကုန်ကြမ်းထုတ်လုပ်တဲ့နေရာတွေမှာ ရေဝင်၊ရေလွှမ်းတာရယ်၊ ကုန်ဈေးနှုန်းမြင့်တာရယ်ကြောင့် အိုးပုတ်တွေရဲ့ အရင်းက ဈေးမြင့်လာပေမယ့် မနှစ်က ဈေးအတိုင်းပဲ ရောင်းကြတယ်။ အိုးပုတ်သည်တွေများတော့ အပြိုင်အဆိုင် ကုန်အောင်ရောင်းချင်တာနဲ့ ဈေးတက်မရဘူး။ မနှစ်ကလည်း ငါးမျိုးကို တစ်ထောင်ကျပ်၊ ဒီနှစ်မှာလည်း တစ်ထောင်ကျပ်ပဲ။ ဒါတောင် ဈေးဆစ်တဲ့သူတွေကရှိတယ်။ အရင်းက အိုးပုတ် ၁၀၀၀ ကို ငွေကျပ် ၉၀၀၀၀ လောက် အရင်းရှိတယ်။ အမြတ်ထက် စရိတ်ရဖို့ မနဲရောင်းရတယ်" လို့ သပိတ်တန်းရွာက ဒေါ်ခင်မာစန်းက ပြောပါတယ်။

မိုးရွာရင် ပွဲလာသူနည်းတော့ ဝယ်သူမရှိဖြစ်မှာ စိုးရိမ်ကြတယ်။ အိုးပုတ်ပွဲမှာလာရောင်းသူတွေက မန္တလေးရဲ့ မြောက်ဘက် ၁၀ မိုင်ဝန်းကျင်က တပ်ကြီး၊ သပိတ်တန်းဆိုတဲ့ ကျေးရွာတွေဖြစ်ပါတယ်။ ကျောက်မြောင်းကလည်း လာရောင်းသူတွေလည်းရှိတယ်။ ကောင်းကင်က တိမ်စိုင်မဲမဲတွေ မြင်တော့ အိုးပုတ်ရောင်းသူ၊ မုန့်ရောင်းသူတွေမှာ ပျာပျာသလဲနဲ့ အစွန်ထုတ်ရောင်းကြတာ တွေ့ရတယ်။

"မနက်ပိုင်းက မိုးရွာနေတော့ ဘာမှမရောင်းရဘူး။ နေ့လယ်ပိုင်းနေပွင့်လာတော့မှ ရောင်းကောင်းတာ။ ဒီနှစ်က အရင်နှစ်တွေလို အိုးပုတ်ရောင်းရတာ မမြတ်ဘူး။ ဈေးသည်အချင်းချင်း အပြိုင်ရောင်းရတာရော၊ ဝယ်သူနည်းတာရောဆိုတော့ မနှစ်က ဈေးအတိုင်းပဲ မြန်မြန်ကုန်အောင် ရောင်းနေရတယ်"ဟု အိုးပုတ်ရောင်းချသူ တစ်ဦးကလည်း မိုးကြောင့် ရောင်းအားမကောင်းတာကို ငြီးတွားပြောဆိုပါတယ်။



**ကျောက်ပန်းခက်မတွေ့ရတဲ့ အိုးပုတ်ပွဲ**

မှတ်မိသလောက် ပြောရရင် ၂၀၁၇ခုနှစ် နောက်ပိုင်းလောက်ဖြစ်မယ်။အိုးပုတ်ပွဲမှာ အိုးပုတ်ရောင်းသူတွေအပြင် ကျောက်ပန်းခက်တွေ ရောင်းလာတယ်။ ရောင်းသူရှိလို့ ဝယ်သူလည်းရှိလာတယ်။ ပန်းပန်သူ မိန်းကလေးများရဲ့ ဝယ်လိုအားကြောင့် ရောင်းကောင်းလာရာက အိုးပုတ်ပွဲတော်ထဲကို ကျောက်ပန်းခက်တွေ နယ်ချဲ့ရောယှက်လာပါတယ်။ ကျောက်ပန်းခက်ဆိုတာ လွန်ခဲ့တဲ့နှစ် ၄၀ ကျော်လောက်ကတည်းက အမရပူရမြို့က ရတနာ့ဂူပွဲမှာတွေ့ရတာပါ။ မိန်းကလေးများရဲ့ ဦးခေါင်းထက်မှာ မြင်တွေရတဲ့ ရတနာ့ဂူပွဲရဲ့ သင်္ကေတ တစ်ခုဖြစ်ပါတယ်။ "ထန်းရွက်ပုတီး" ရွှေစာရံဘုရားပွဲရဲ့ပုံရိပ်ဖြစ်သလို ပလတ်စတစ်ရွှေဆွဲကြိုးများက တောင်ပြုန်းပွဲကို ဖော်ညွှန်းတာဖြစ်ပါတယ်။

ကျောက်ပန်းခက်က ရုက္ခဗေဒအဆိုအရ Fern အမျိုးအစား Non-Flowering Plant ဖြစ်ပြီး၊ ပန်းပွင့်တဲ့ အပင်မျိုးအစားမဟုတ်ဘဲ ရေညှိ၊ ရေမှော်ပင်ပါ။ သူကစိုစွတ်မှုကို နှစ်သက်တယ်။ နောက်ပိုင်းမျိုးဆက် အဆင့်မြင့်လာတာလို့ ဆိုပါတယ်။ ကျောက်ပန်းခက်က ရေတံခွန်တောင်ပတ်ဝန်းကျင်နဲ့ ပြင်ဦးလွင်၊ ပိတ်ချင်းမြောင်ဒေသတွေက အများဆုံးထွက်ရှိတယ်။ ဒီနှစ်မှာတော့ အခြေအနေအရပ်ရပ်ကြောင့် ကျောက်ပန်းခက်တွေ အိုးပုတ်ပွဲဆီ ရောက်မလာခဲ့လို့ ကျောက်ပန်းခက်နဲ့ လှပျိုဖြူတွေ မမြင်တွေ့ခဲ့ရပါဘူး။

ဒီနှစ် အိုးပုတ်ပွဲမှာ မိုးရေစက်တွေနဲ့ နပန်းလုံးကာ ပြီးဆုံးသွားခဲ့ပါပြီ။ အိုးပုတ်တွေကို ဈေးမတက်နိုင်ဘဲ အပြိုင်အဆိုင်ရောင်းကြရင်း ခါတိုင်းနှစ်များလို တွက်ခြေမကိုက်လို့ ငြီးတွားသံတွေ ကြားခဲ့ရတယ်။ ပွဲလာသူ မိန်းကလေးများလည်း ကျောက်ပန်းခက်ကို ပန်ဆင်ခွင့်မရခဲ့ကြဘူး။မိုးဖွဲဖွဲထဲက အိုးပုတ်ပွဲက နှစ်စဉ်မပျက် ရှင်သန်တည်ရှိနေမည် ဖြစ်ပါတော့သည်။





## သမ္မတဟောင်း ဒေါ်နယ်လ်ထရမ့်နှင့် စကားပြောခန်းကို အီလွန်မတ်စ်က အိတ်ခ်ျစ်လူမှုကွန်ရက်မှ ထုတ်လွှင့်

**ဝါရှင်တန် ဩဂုတ် ၁၃**

အမေရိကန်သမ္မတဟောင်း လက်ရှိ ရီပတ်ဘလီကန်သမ္မတလောင်း ဒေါ်နယ်လ်ထရမ့်နှင့် စကားပြောခန်းကို ကမ္ဘာ့အချမ်းသာဆုံးစာရင်းဝင် အီလွန်မတ်စ်က ၄င်းပိုင်ဆိုင်သည့် အိတ်ခ်ျစ် လူမှုကွန်ရက်မှ ဩဂုတ် ၁၂ ရက်တွင် ထုတ်လွှင့်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ထိုစကားပြောခန်းအစီအစဉ် မထုတ်လွှင့်မီ ကြည့်ရှုသူများ မိနစ် ၄၀ ကြာမျှ စောင့်ဆိုင်းခဲ့ရသည်မှာ အိတ်ခ်ျစ်လူမှုကွန်ရက် ဟက်ကာတိုက်ခိုက်မှုခံရသောကြောင့်သာဖြစ်သည်ဟု အီလွန်မတ်စ်က ပြောဆိုသည်။

တိုက်ရိုက်ထုတ်လွှင့်မှုကို စောင့်ကြည့်သူများလွန်းသဖြင့် ယင်းလူမှုကွန်ရက်ဝက်ဘ်ဆိုက် ရပ်တန့်သွားခဲ့ခြင်းဖြစ်နိုင်ကြောင်း အပြည်ပြည်ဆိုင်ရာ လေ့လာရေးဌာန ညွှန်ကြားရေးမှူး အန်သိုနီလင်မ်က သုံးသပ်သည်။

ဒေါ်နယ်လ်ထရမ့်နှင့် အီလွန်မတ်စ်တို့နှစ်ဦး စကားပြောစဉ် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ချီးမွမ်းပြောဆိုချိန်က များနေကြောင်း အချို့က ထောက်ပြသည်။

မည်သို့ပင်ဖြစ်စေ ၄င်းတို့နှစ်ဦးအနေဖြင့် လူဝင်မှုကြီးကြပ်ရေး၊ ငွေကြေးဖောင်းပွမှုထိန်းချုပ်ရေးအပါအဝင် အမေရိကန်ပြည်ထောင်စု မျက်မှောက်ရေးရာနှင့် အနာဂတ်ရေးရာကိစ္စများအကြောင်း စုံလင်စွာ ပြောဆိုဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **Mon**

## အာဖရိကတိုက်၏ အမြဲတမ်းကိုယ်စားလှယ်ထားရှိရန် ကုလလုံခြုံရေးကောင်စီကို ဂူတာရက်စ် တိုက်တွန်း

**ဝါရှင်တန် ဩဂုတ် ၁၃**

အာဖရိကတိုက်၏ အမြဲတမ်း ကိုယ်စားလှယ်ထားရှိရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီကို အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ် ဩဂုတ် ၁၂ ရက်က တိုက်တွန်းပြောကြားလိုက်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။



အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ ကုလသမဂ္ဂရုံးချုပ်တွင် ကျင်းပသော လုံခြုံရေးကောင်စီပြုပြင်ပြောင်းလဲရေးဆိုင်ရာ အဆင့်မြင့်အရာရှိများ အစည်းအဝေး ကျင်းပရာတွင် ၄င်းက ထိုသို့ တိုက်တွန်းပြောကြားခဲ့ခြင်းဖြစ်သည်။

တစ်ကမ္ဘာလုံး၏ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့်သက်ဆိုင်သော မိမိတို့ ကုလသမဂ္ဂအဖွဲ့အစည်းတွင် လူဦးရေသန်း ၁၀၀၀ ကျော်နေထိုင်သော တိုက်ကြီးတစ်တိုက်၏ အသံမကြားရခြင်းကို လက်မခံသင့်တော့ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ဆက်လက်ပြောကြားသည်။

လက်ရှိ ကုလသမဂ္ဂလုံခြုံရေးကောင်စီကို အဖွဲ့ဝင် ၁၅ နိုင်ငံဖြင့် ဖွဲ့စည်းထားပြီး ဗီတိုအာဏာသုံးခွင့်ရသည့် အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများမှာ တရုတ်၊ ပြင်သစ်၊ ရုရှား၊ အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန် ငါးနိုင်ငံဖြစ်သည်။

ကျန်လုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၀ နိုင်ငံတွင် အာဖရိကနိုင်ငံများ၊ အာရှပစိဖိတ်နိုင်ငံများ၊ လက်တင်အမေရိကနိုင်ငံများ၊ ကာရစ်ဘီယံနိုင်ငံများ၊ အနောက်ဥရောနှင့် အရှေ့ဥရောပနိုင်ငံများ ပါဝင်ကြသည်။

အာဖရိကနိုင်ငံများ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် တိုးမြှင့်ပါဝင်လာစေရန်အတွက် ထိုအစည်းအဝေး၌ ဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

၀-၀-၀-၀-၀






## အေသင်မြို့ အရှေ့မြောက်ပိုင်းအထိ တောမီးဝင်ရောက် ငြိမ်းသတ်ပေးရန် ဂရိအစိုးရက ပြည်ပအကူအညီတောင်းခံ

**အေသင် ဩဂုတ် ၁၃**

ဂရိနိုင်ငံ အေသင်မြို့တော်၏ အရှေ့မြောက်ပိုင်း လူနေဆင်ခြေဖုံးရပ်ကွက်များထဲအထိ ဩဂုတ် ၁၂ ရက်က တောမီးဝင်ရောက်တောက်လောင်ခဲ့ရာ ပိုင်းဝန်းငြိမ်းသတ်ပေးရန် ဂရိအစိုးရက ပြည်ပအကူအညီတောင်းခံခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ထိုတောမီးကို ဂရိမီးသတ်တပ်ဖွဲ့ဝင်များ ရာနှင့်ချီ၍ ငြိမ်းသတ်သည့်တိုင် ထိန်းချုပ်နိုင်ခြင်းမရှိသဖြင့် ဥရောပသမဂ္ဂထံသို့ အကူအညီတောင်းခြင်းဖြစ်သည်။

အီတလီ၊ ပြင်သစ်၊ ချက် နှင့် ရိုမေးနီးယားနိုင်ငံတို့က မီးသတ်တပ်ဖွဲ့ဝင်များ ချက်ချင်းစေလွှတ်ပေးရန် စီစဉ်နေကြောင်း သိရသည်။ **Mon**

နာမည်ကျော် အနုပညာရှင် ဘန့်ဆီ၏ ဩဂုတ်လအတွင်း ရေးဆွဲဖန်တီးခဲ့သော ရှစ်ခုမြောက်လက်ရာ ကြံ့အရုပ်ပေါ်၌ ဆေးအဖြူမှုတ်ပြီး ဖျက်လိုဖျက်ဆီးလုပ်ခဲ့သောသူကို လုံခြုံရေးကင်မရာမှ တစ်ဆင့် ဩဂုတ် ၁၂ ရက်က တွေ့ရစဉ်။ **Mon**



## မာရီယာဟု အမည်ပေးထားသော အပူပိုင်းမုန်တိုင်း ဂျပန်နိုင်ငံထဲသို့ဝင်ရောက်၊ မိုးသည်းထန်စွာရွာသွန်း

**တိုကျို ဩဂုတ် ၁၃**

မာရီယာဟု အမည်ပေးထားသော အပူပိုင်းမုန်တိုင်း ဂျပန်နိုင်ငံထဲသို့ ဩဂုတ် ၁၂ ရက်က ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မုန်တိုင်းနောက်ဆက်တွဲအဖြစ် ဂျပန်နိုင်ငံမြောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းခဲ့ရာ ရေကြီးမည်စိုးသဖြင့် ဒေသခံ ၃၀၀၀၀၀ ကျော်တို့ကို သက်ဆိုင်ရာက ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးခဲ့သည်။

ကုဂျိမြို့တွင် ၂၄ နာရီအတွင်း ရွာသွန်းသော မိုးရေချိန်ကို တိုင်းတာခဲ့ရာ ၃၆၈ မီလီမီတာရှိကြောင်း သိရသည်။

**Mon**

## ကမ္ဘာကြီးပူနွေးမှုကြောင့် ခြင်များပိုမိုပေါက်ပွားလာ အိန္ဒိယ၌ ဒန်ဂီးအဖျားရောဂါတိုးမြှင့်ဖြစ်ပွားနေ

**ဒေလီ ဩဂုတ် ၁၃**

ကမ္ဘာကြီးပူနွေးမှုကြောင့် ခြင်များ ပိုမိုပေါက်ပွားလာပြီး အထူးသဖြင့် အိန္ဒိယနိုင်ငံ၌ ဒန်ဂီးအဖျားရောဂါတိုးမြှင့်ဖြစ်ပွားနေကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဒေလီပြည်နယ်အတွင်းရှိ မိသားစုအချို့အနေဖြင့် ခြင်မှတစ်ဆင့်ကူးစက်ကာ တုပ်ကွေးနှင့်ဆင်တူသော ဒန်ဂီးအဖျားရောဂါ နှစ်စဉ်ခံစားနေရသည်။

ခြင်ပေါက်ပွားမှုကောင်းစွာ မထိန်းချုပ်နိုင်သော ရပ်ကွက်များတွင် မိုးဦးကာလရောက်တိုင်း နှစ်စဉ် ထိုအဖျားရောဂါခံစားရလေ့ရှိရာမှ ယခုနောက်ပိုင်းတွင် တစ်နှစ်ပတ်လုံး ဆေးကုသမှုခံယူနေကြရသည်။

လွန်ခဲ့သော ၂၀၂၀ ပြည့်နှစ်တွင် ဒန်ဂီးအဖျားရောဂါ အိန္ဒိယနိုင်ငံ၌ စတင်ကူးစက်ခဲ့ပြီး ယခုနှစ် ပထမနှစ်ဝက်ကာလအတွင်း ကူးစက်ခံရသူပေါင်း ၃၂၀၀၀ ကျော် ရှိနေပြီဟု ဆိုသည်။

မြို့ရှိ လူနေရပ်ကွက်များအတွင်း ရေဆိုးမြောင်းများတွင် ရေဝပ်မနေဘဲ ခြင်လည်းပေါက်ပွားခြင်းမရှိစေရန် သက်ဆိုင်ရာ မြို့ပြအုပ်ချုပ်ရေးနှင့် လူထုကျန်းမာရေးအာဏာပိုင်များက တိုးမြှင့်ဆောင်ရွက်လျှင် ဒန်ဂီးအဖျားရောဂါကို တိုက်ဖျက်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **Mon**



## ကာလီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျယ်လိစ်မြို့အနီး ၄ ဒသမ ၄ ရစ်ချ်တာစကေးရှိ မြေငလျင်လှုပ်ရှား

**ဝါရှင်တန် ဩဂုတ် ၁၃**

အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျယ်လိစ်မြို့အနီးရှိ ဟိုက်လန်းပန်းခြံအလွန်တစ်နေရာကို ဗဟိုပြု၍ ပြင်းအား ၄ ဒသမ ၄ ရစ်ချ်တာစကေးရှိသော မြေငလျင် ဩဂုတ် ၁၃ ရက်က လှုပ်ရှားခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

မန်ဟက်တန်ကမ်းခြေနှင့် ဆောက်ဒိုကမ်းရိုးတန်းတစ်လျှောက်ရှိ ပါဆာဒေနာနှင့် ဂလင်ဒေးလ်အပါအဝင် မြို့များတွင်လည်း အဆိုပါငလျင်နှင့် ဆက်နွယ်သည့် မြေလွှာလှုပ်ရှားမှုများကို ခံစားခဲ့ရကြောင်း ဒေသခံများက ထုတ်ဖော်ပြောကြားသည်။

တိုးချဲ့လော့အိန်ဂျယ်လိစ်နယ်မြေအတွင်း ပျက်စီးဆုံးရှုံးမှုရှိ၊ မရှိ မီးသတ်ဌာန ၁၀၆ ခုမှ စစ်တမ်းများ ကောက်ခံထားကြောင်း လော့စ်အိန်ဂျယ်လိစ် မီးသတ်ဌာနက သတင်းထုတ်ပြန်သည်။



ငလျင်တိုင်းတာရေးစခန်းအချို့က အဆိုပါမြေငလျင်၏ ပြင်းအားကို ၄ ဒသမ ၇ ရစ်ချ်တာစကေးရှိသည်ဟု ကနဦးတိုင်းတာတွေ့ရှိခဲ့သော်လည်း အမေရိကန် ဘူမိဗေဒ စစ်တမ်းအဖွဲ့က ၄ ဒသမ ၄ ရစ်ချ်တာစကေးသာရှိသည်ဟု အတည်ပြုခဲ့သည်။

ကာလီဖိုးနီးယားပြည်နယ်အတွင်းရှိ ဂရာပေဗိုင်းနှင့် ဘေကားစ်ဖီးလ်အပါအဝင် မြို့များတွင် လွန်ခဲ့သော သီတင်းပတ်များအတွင်းက မြေငလျင် လေးကြိမ်၊ ငါးကြိမ်ထက်မနည်း လှုပ်ရှားခဲ့ကြောင်း သိရသည်။ **Mon**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## The Out Laws: The Roundup စစုပေါင်းဇာတ်ကားလေးကား ထွက်ရှိထား

ကိုရီးယား The Rock ဟု တင်စားခံရသည့် မာဒုံဆော့ ပါဝင်ထားသည့် The Out Laws မှာ စုစုပေါင်းဇာတ်ကားလေးကားအထိ ထွက်ရှိထားပြီး ၂၀၂၄ ခုနှစ်တွင် The Roundup : Punishment အထိ ပရိသတ်အားပေးမှုရရှိထားသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။




အဆိုပါလေးကားတွင် The out Laws အပါအဝင် Out Laws : The Roundup မှာ ၂၀၂၂ခုနှစ် The Roundup: No Way Out မှ ၂၀၂၃ခုနှစ် The Roundup Punishment မှာ ၂၀၂၄ခုနှစ်တို့ ဖြစ်သည်။

တစ်ကားစီတွင် ဗီလိန်တစ်မျိုးစီပါဝင်ထားပြီး ကိုရီးယားမှ အာရှနိုင်ငံများအထိ ချိတ်ဆက်၍ လူမိုက်ဂိုဏ်းများနှင့် ဆက်စပ်ရိုက်ကူးထားရာ ပထမဆုံးကား The outlaws တွင် တရုတ်မှလာသည့် လူမိုက်သုံးဦးနှင့် ပြဿနာရှင်းပုံ၊ ဒုတိယကားတွင် ဗီယက်နမ်အထိသွား၍ လူမိုက်များနှင့်ချပုံ၊ တတိယကားတွင် တရုတ်၊ ဂျပန်၊ ကိုရီးယားမှရဲများနှင့် ပူးပေါင်း၍ ဆေးမှုဖြေရှင်းပုံ၊ စတုတ္ထကားတွင် ဖိလစ်ပိုင်မှ နာမည်ကြီးဂိုဏ်းကိုရှင်း၍ ကြေးစားဖိုက်တင်ခန်းများ ပါဝင်သည်။ (SKY)





## ရေဆေးရုံမျှဖြင့် ပိုးသတ်ဆေးမပြောင်စင် ပန်းသီးကိုအခွံနွှာစားမှသာ ဘေးကင်းမည်

စိုက်ပျိုးရေးလုပ်ငန်းတွင်သုံးသောပိုးသတ်ဆေးသည် စိုက်ပျိုးရေးထုတ်ကုန်အမျိုးမျိုးတွင် အနည်းနှင့်အများကပ်ငြိလျက်ရှိရာ စားသုံးသူများ သတိပြုကြရန်လိုအပ်သည်။

အပင်အခြေပြုအစားအစာများကို မချက်ပြုတ်မီ ဆားရေဖြင့် ကောင်းမွန်စွာဆေးကြောသင့်သည်ဟုလည်း ကျွမ်းကျင်သူများက အကြံပြုကြသည်။

သစ်သီးများ၌ ကပ်ငြိနိုင်သော ပိုးသတ်ဆေးများ၏အန္တရာယ်နှင့်ပတ်သက်၍ တရုတ်နိုင်ငံမှ သုတေသီများ မကြာသေးမီက သုတေသနပြုခဲ့သည်။

ထိုသို့ သုတေသနပြုရာမှ ပန်းသီးအပါအဝင်အခွံပါးလွှာသော အသီးများကို ရေဆေးရုံမျှဖြင့် ပိုးသတ်ဆေးမပြောင်စင်ခြင်းမရှိသဖြင့် အခွံနွှာစားမှသာ ဘေးကင်းမည်ဖြစ်သည်ဟု ဖော်ထုတ်တွေ့ရှိခဲ့ကြောင်းသိရသည်။ (SCI)

## Wang Yibo ကို Luoyang Evening News တွင် ဖော်ပြခံရ

တရုတ်အနုပညာရှင် လောရမ်မြို့သား ဝမ်ရိဘိုကို Luoyang Evening News တွင် သတင်းခေါင်းကြီးပိုင်း၌ အကျယ်တဝင့် ဖော်ပြထားသည်ဟု ဝိန်ဘိုဝက်ဘ် ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ သတင်းခေါင်းစဉ်၌ "ဝမ်ရိဘိုသည် အင်တာနက်ကွန်ရက်တစ်ခုလုံး၏ နှစ်သက်မှုကို ဆွဲဆောင်ခဲ့ပြီး Luoyang သည်လည်း အင်တာနက်သုံးစွဲသူများ၏ ယှဉ်ပြိုင်မှုကို ခံခဲ့ရသည်ဟူ၍ဖြစ်သည်။

ဝမ်ရိဘိုသည် အိုလံပစ်မီးရှူးတိုင်ကိုင်ချိန်၌ အလံလဲကျနေသည်ကို မြင်မြင်ချင်း ကောက်လိုက်သည့် အပြုအမူကို ကမ္ဘာ့ပရိသတ် အင်တာနက်မှ တစ်ဆင့် မြင်တွေ့ခဲ့ကြပြီး တရုတ်နိုင်ငံ လော့ရန်ယွင်နန်၏ ဂုဏ်ယူဖွယ်ရာအဖြစ် တရုတ်ပြည်သူများ ချီးမွမ်းထားကြသည်။

ယင်းသတင်းကို ဝင်ဖတ်သူ သန်းခုနစ်ဆယ်ကျော်၊ ဝင်ဆွေးနွေးသူ လေးသိန်းကျော်နှင့်လော့ရန်သတင်းစာကပင် အကျယ်တဝင့် ခေါင်းစီးတပ်၍ ဖော်ပြခဲ့ပြီး ဝမ်ရိဘို စိတ်အားထက်သန်မှု၏ အဓိပ္ပာယ်ကိုပါ ကျောင်းစာသင်ခန်း၏ စာမေးပွဲမေးခွန်းထိ ပါလာခဲ့သည်။ (SKY)



## Kim Yuna ဂန္ထဝင်စကိတ်မယ်က ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ မီးရှူးတိုင် ကိုင်ခဲ့ရ



တောင်ကိုရီးယားဂန္ထဝင် စကိတ်သမားဖြစ်သည့် ကင်ယူနာက 2010 Vancouver ဆောင်းရာသီ အိုလံပစ်ပြိုင်ပွဲတွင် မီးရှူးတိုင် ကိုင်ခွင့်ရခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကင်ယူနာသည် ဂန္ထဝင်စကိတ်မယ်တစ်ဦးဖြစ်ပြီး တောင်ကိုရီးယားအတွက် နောက်ဆုံး မီးရှူးတိုင် ကိုင်ဆောင်ခဲ့သူဖြစ်ပြီး (၁၄)နှစ်ကြာမှ ဂျင်(ခေါ်)ကင်ဆွတ်ဂျင်က 2024 Paris Olympic အတွက် တောင်ကိုရီးယားကိုယ်စားပြု မီးရှူးတိုင်ကိုင်ဆောင်ခဲ့သည့် ကေပေါ့ပ် အနုပညာရှင်ထဲမှ ပထမဦးဆုံးသူဖြစ်သည်။

မီးရှူးတိုင်ကိုင်ဆောင်ခြင်းမှာ သာမန်လက်ဆင့်ကမ်းခြင်းမဟုတ်ဘဲ အိုလံပစ်စိတ်ဓာတ်ကို လက်ဆင့်ကမ်းခြင်း ငြိမ်းချမ်းမှု၊ စည်းလုံးမှုနှင့်ထူးချွန်မှုစသည့် ခံစားချက်များကို လက်ဆင့်ကမ်းခြင်းဖြစ်သည်ဟု အိုလံပစ်အဖွဲ့အစည်းက ထုတ်ပြန်ထား၍ ကင်ယူနာနှင့်ဂျင်တို့ကို ပရိသတ်ဂုဏ်ယူမဆုံး ဖြစ်ခဲ့ကြသည်။ (SKY)

## BTS မှ Jung Kook ၏ I Am Still ဂီတသစ်ကြော်ငြာ ထွက်ရှိလာ

BTS အဖွဲ့ဝင် Jung Kook သည် တစ်ကိုယ်တော်ဂီတနှင့်အောင်မြင်မှုများစွာ သိမ်းပိုက်ရှိထားကာ ဂီတစွမ်းရည်ပြည့်ဝသူဖြစ်ပြီး ဂီတသစ် I Am Still ထွက်ရှိလာမည်ဟု ကြေညာထားကြောင်း အောကေပေါ့ပ် ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Jung Kook သည် တေးရေး၊ တေးဆို ထုတ်လုပ်သူတစ်ဦးဖြစ်ပြီး ဂီတနှင့်ပတ်သက်၍ ကျွမ်းကျင်သူဖြစ်သဖြင့် အဖွဲ့ဝင် Kim Taehyung နှင့် Jimin ကို ဂီတအကြံဉာဏ်ပေးခဲ့ကာ ဒါရိုက်တာတစ်ယောက်အဖြစ်လည်း ညွှန်ကြားနိုင်ခဲ့သည်ကို Kim Taehyung ခေါ် V ၏ Layover တွင် မြင်တွေ့ကြရသည်။

Jung Kook ကို FIFA World Cup Qutar 2022 တွင် Dreamers နှင့် စတင်ထိတွေ့ခဲ့သူများ အားပေးမှုမြင့်မားခဲ့ပြီး Seven, 3D, Standing Next To You, L & R တို့ဖြင့် မှတ်တိုင်စိုက်ထူနိုင်ခဲ့ကာ လက်ရှိသင်တန်းသားအဖြစ် ခံယူနေသော်လည်း ကြိုတင်ပြင်ဆင်ထားသည့် ဂီတ I Am Still နှင့် ထပ်မံ၍ စံချိန်တင်ကာ မှတ်တိုင်သစ်စိုက်မည်ဖြစ်သည်။ (SKY)






## Jessi က ကိုရီးယား Variety Show များတွင် ကေပေါ့ပ်များ လက်ခံရသည့်အကြောင်း ပြောပြထား

ကေပေါ့ပ်အနုပညာရှင်များ ပါဝင်ရိုက်ကူးချင်ကြပြီး ကမ်းလှမ်းတိုင်း မငြင်းခဲ့သည့် အစားအသောက်နှင့် ပတ်သက်သည့် Variety Show များအကြောင်း ဂျက်ဆီက ပြောပြထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



အဆိုပါရသစုံ အစီအစဉ်များအနက် အစားအသောက်နှင့် ပတ်သက်သည့် I Love Alone Muk bang တွင် အစားအသောက်များ ကြိုက်သလောက်စားသုံးနိုင်၍ ကေပေါ့ပ်အနုပညာရှင်များ မငြင်းဆန်နိုင်ဖြစ်ခဲ့ကြသည်။

ကေပေါ့ပ်အနုပညာရှင်များမှာ အောင်မြင်မှုရသလောက် ငွေကြေးချမ်းသာကြသော်လည်း ကေပေါ့ပ်လောကတွင် ပွဲဦးမထွက်မီ အစားအသောက် တားမြစ်ခံခဲ့ကြရ၍ ယခုအစီအစဉ်တွင် ကြိုက်သလောက် စားသောက်ခွင့်ရှိသဖြင့် မည်သူမှ မငြင်းဘဲ ပါဝင်ထားကြရာ ဂျက်ဆီလည်း ပါဝင်သည်ဟု ပြောကြားထားသည်။

ကိုရီးယားအမေရိကန် သွေးနှောရက်ပါဂျက်ဆီကလည်း အရသာရှိသော အစားအစာများကို နှစ်သက်ခဲ့သည်။ (SKY)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၁၃

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ဖူဆယ် အားကစားရုံ၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါ်ခွဲဘူ၊ ပိုးရယ် အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ဒေါက်တာ ဘရှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီး များ၊ ဒုတိယဝန်ကြီးများ၊ ဌာန ဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာ နိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန် ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင် အသင်းများမှ အုပ်ချုပ်သူ/ နည်းပြ များနှင့် အားကစားသမားများ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲကို ကြည့်ရှုအားပေးစဉ်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ယခုကဲ့သို့ ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲကို ကျင်းပပေးရခြင်း သည် ထူးချွန်ထက်မြက်သည့် သွေးသစ် အားကစားသမားများ ပေါ်ထွက် လာစေရေးအတွက် အခြေခံ ပြိုင်ပွဲကောင်းတစ်ခု ဖြစ်သကဲ့သို့ ယခုပြိုင်ပွဲမှတစ်ဆင့် သွေးသစ်လူငယ်ဘောလုံးသမား များကို ဖော်ထုတ်ရွေးချယ် လေ့ကျင့်ပေးနိုင်လိမ့်မည်ဟုလည်း မျှော်လင့်ထားပါကြောင်း၊ထို့ကြောင့် ပြိုင်ပွဲ၏ ဦးတည်ရည်မှန်းချက်နှင့် အနှစ်သာရများကို အောင်မြင်စွာ အကောင်အထည်ပေါ်လာစေရန် တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင် အားကစားသမားများက ဝိုင်းဝန်း ကြိုးပမ်း ဆောင်ရွက်သွားကြစေ လိုကြောင်း။

ပြိုင်ပွဲဝင်အားကစားသမားများ အနေဖြင့် အားကစားစိတ်ဓာတ် အပြည့်အဝဖြင့် သန့်သန့်ရှင်းရှင်း ယှဉ်ပြိုင်ကစားကြရန် လိုအပ်ပါ ကြောင်း၊ ဒိုင်လူကြီးများအနေဖြင့် လည်း ဘက်လိုက်မှုကင်းရှင်းပြီး သတ်မှတ်ထားသည့် ဥပဒေ၊ စည်းမျဉ်း/စည်းကမ်းများနှင့်အညီ တရားမျှတမှန်ကန်စွာ ဆုံးဖြတ် ဆောင်ရွက်သွားကြရန်လည်း လိုအပ်ပါကြောင်း၊ အားကစား သမားလူငယ်အပေါင်းတို့ အနေ ဖြင့် ယခုပြိုင်ပွဲမှတစ်ဆင့် ထူးချွန် ထက်မြက်ပြီး နိုင်ငံတော်က အားထားရမည့် နိုင်ငံ့ဂုဏ်ဆောင် ဖူဆယ် ဘောလုံးအားကစား သမားကောင်းများ ဖြစ်လာစေရန် ကြိုးစား ယှဉ်ပြိုင်ကစားသွားကြ ရန် တိုက်တွန်းမှာကြားရင်း ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက် ကြောင်း ပြောကြားသည်။

**ရွတ်ဆို**

ထို့နောက် ပြိုင်ပွဲဝင်အားကစား သမားများက အားကစားသစ္စာ အဓိဋ္ဌာန်(၄)ချက်ကို ရွတ်ဆိုကြ သည်။

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီး ဦးမင်း သိန်းဇံနှင့် တာဝန်ရှိသူတို့သည် ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် ကြပြီး ပြိုင်ပွဲယှဉ်ပြိုင်ကစားနေမှု များကို ကြည့်ရှုအားပေးကြသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် (အမျိုးသား)အုပ်စုပတ်လည်ပွဲစဉ် များကို ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီး အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်း နှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက် နှစ်ဂိုးစီ သရေရလဒ်ဖြင့် လည်း ကောင်း၊ ရှမ်းပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်း ကို လေးဂိုး-သုံးဂိုးဖြင့်လည်း ကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ကယား ပြည်နယ်အသင်းတို့ ယှဉ်ပြိုင် ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်း နှင့် မကွေးတိုင်းဒေသကြီးအသင်း တို့ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးမရှိ သရေရလဒ်ဖြင့် လည်းကောင်း၊ (အမျိုးသမီး) အုပ်စုပတ်လည် ပွဲစဉ်များအဖြစ် ပြည်ထောင်စု နယ်မြေ နေပြည်တော်အသင်းက ချင်းပြည်နယ်အသင်းကို ခုနစ်ဂိုး- တစ်ဂိုးဖြင့်လည်းကောင်း၊ ကချင် ပြည်နယ်အသင်းက တနင်္သာရီ တိုင်းဒေသကြီးအသင်းကို ငါးဂိုး- ဂိုးမရှိဖြင့်လည်းကောင်း အကြိတ် အနယ် ယှဉ်ပြိုင်ကစားခဲ့သည်။

ဩဂုတ် ၁၄ ရက် နံနက် ၉ နာရီမှ စတင်၍ ဖူဆယ်အားကစားရုံ၌ (အမျိုးသား)အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ချင်းပြည်နယ် အသင်းနှင့် ကရင်ပြည်နယ်အသင်း၊ (အမျိုးသမီး) အုပ်စုပတ်လည် ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ရခိုင် ပြည်နယ်အသင်းနှင့် ကရင် ပြည်နယ်အသင်း၊ စစ်ကိုင်းတိုင်း ဒေသကြီးအသင်းနှင့် မွန်ပြည်နယ် အသင်း၊ ပဲခူးတိုင်းဒေသကြီး အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အသင်း၊ မန္တလေးတိုင်းဒေသကြီး အသင်းနှင့် ဧရာဝတီတိုင်းဒေသ ကြီးအသင်း၊ ရှမ်းပြည်နယ်အသင်း နှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်း၊ မကွေးတိုင်း ဒေသကြီးအသင်းနှင့် တနင်္သာရီ တိုင်းဒေသကြီး အသင်းတို့ ဆက်လက် ယှဉ်ပြိုင်ကစားသွား မည်ဖြစ်သည်။

**၅၂၅ ဦး ဝင်ရောက်ယှဉ်ပြိုင်**

ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲကို မြန်မာ့ဖူဆယ် အားကစား အဆင့်အတန်း တိုးတက် မြင့်မားလာစေရေး၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးက ဖူဆယ်အားကစား သမားများအချင်းချင်း သွေးစည်း ညီညွတ်မှုရှိပြီး ပြည်ထောင်စု စိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွား လာစေရေး၊ ပြည်နယ်နှင့် တိုင်း ဒေသကြီးများတွင် ဖူဆယ် အားကစားနည်း ပိုမိုပြန့်ပွားလာ စေရေး၊ လူငယ်ထုအတွင်း ဖူဆယ် အားကစားနည်းကို ပိုမိုစိတ်ပါ ဝင်စားလာစေရေး စသည့်ရည်ရွယ် ချက်များဖြင့် ဩဂုတ် ၁၁ ရက်မှ ၁၉ ရက်အထိ ကျင်းပပေးခြင်းဖြစ် ပြီး ပြိုင်ပွဲသို့ ပြိုင်ပွဲဝင် အမျိုးသား ၁၅ သင်း၊ အမျိုးသမီး ၁၄ သင်း စုစုပေါင်း ၅၂၅ ဦး ဝင်ရောက်ယှဉ်ပြိုင် သွားမည်ဖြစ်ကာ အားကစားကို စိတ်ပါဝင်စားသည့် မိဘပြည်သူ များအနေဖြင့် မည်သူမဆို(အခမဲ့) လာရောက် ကြည့်ရှုအားပေးနိုင် ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူများ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

# လှယဉ်ဝင်း၏ သွင်းဂိုးများဖြင့် ရှမ်းယူနိုက်တက်ကို အနိုင်ရခဲ့သည့် မြဝတီအသင်း

Myanmar Women League 2024 အမှတ်ပေးဘောလုံး ပြိုင်ပွဲ( Week-13)ပွဲစဉ်တစ်ပွဲအဖြစ် ဩဂုတ် ၁၃ ရက် ညနေပိုင်း က ပဒုမ္မာကွင်း၌ မြဝတီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ကစားခဲ့ကြပြီး မြဝတီအသင်းက ၂-၁ ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြဝတီအသင်းသည် ပွဲအစတွင် ဦးဆောင်ဂိုးရရန် တိုက်စစ် ဆင်ခဲ့သော်လည်း ရှမ်းယူနိုက်တက်အသင်းမှ ဦးဆောင်ဂိုးရသွားခဲ့ သည်။ ယင်းဂိုးကို ပွဲချိန် ၂၇ မိနစ်တွင် ဝင်းစန္ဒာက သွင်းယူပေးခဲ့ ခြင်းဖြစ်သည်။ ပွဲချိန် ၃၈ မိနစ်တွင် မြဝတီအသင်းမှ ချေပဂိုးပြန်ရခဲ့ပြီး တိုက်စစ်မှူး လှယဉ်ဝင်းက သွင်းယူပေးခဲ့သည်။ ပထမပိုင်းအပြီးတွင် တစ်ဂိုးစီ သရေကျခဲ့သည်။

ဒုတိယပိုင်း ပြန်လည်စတင်ရာတွင် နှစ်သင်းစလုံးမှ တိုက်စစ်ဆင် ကစားခဲ့ကြပြီး မြဝတီအသင်းအတွက် အနိုင်ဂိုးကို ပွဲချိန် ၈၇ မိနစ်တွင် ပထမဂိုးသွင်းပေးခဲ့သည့် လှယဉ်ဝင်းမှ ပင် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပွဲပြီးခါနီးတွင် ချေပဂိုးပြန်လည်ရရန် နီးစပ်ခဲ့သော်လည်း ဂိုးအဖြစ် မပြောင်းနိုင်ခဲ့သည့်အတွက် ရှုံးခဲ့သည်။

(NGB)

၀-၀-၀-၀-၀

